ကြေးမုံ
The Mirror
၁၃၇၀ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၅ ရက်၊ သောကြာနေ့ (25-4-2008) (၅၆၅၉)

သန္တုဋ္ဌိစ တေ် မင်္ဂလ မုတ္တမံ

ရောင့်ရဲလွယ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

● အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေး တာဝန်ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲ ပေးကြစို့။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဧပြီ　　၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံမှ အီတလီသမ္မတနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စတာ ဆီလ်ဗီယို ဘာလူ စကိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မြေစိုက်ပိုစတာ စိုက်ထူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပ မြို့နယ် မြောက်ဥက္ကလာပအဝိုင်း၌ မြေစိုက်ပိုစတာ စိုက်ထူစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ❁ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲများ ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်များတွင် ကျင်းပ

ရန်ကုန်　　ဧပြီ　　၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်ရှိ မြို့နယ်(၇)မြို့နယ် သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ မြေစိုက်ပိုစတာများကို မြောက်ဥက္ကလာပမြို့နယ် မြောက်ဥက္ကလာပအဝိုင်း၌လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းနှင့် သံသုမာလမ်းထောင့် ဘောလီတံတားထိပ်၌ လည်းကောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် ယုဇနပလာဇာရှေ့၌ လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့် ပုဇွန်တောင်ပန်းခြံ၌ လည်းကောင်း၊ ဗိုလ်တထောင်မြို့နယ်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၅-၄-၂၀၀၈
(သောကြာနေ့)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားရေးမျှော်မှန်းချက်ထိန်းသိမ်းမြှင့်တင် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး တစ်ခဲနက်ပါဝင်

မြန်မာနိုင်ငံသည် ရေကောင်း၊ မြေကောင်း၊ အခြေခံကောင်းများ ဖြစ်ထွန်းရရှိနေသည်။ နိုင်ငံတော်အစိုးရက ပြည်သူတို့၏ ဆန္ဒနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နေသည်။

ပြည်သူတစ်ဦးချင်းစီ၏ ဆန္ဒသည် ဥပဒေဘောင်အတွင်း တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြသည်။ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားပြီး နိုင်ငံတကာ တိုးတက်ပြောင်းလဲမှုများနှင့်အတူ မိမိနိုင်ငံ၊ မိမိဒေသကို ဖွံ့ဖြိုးတိုးတက်စေလိုသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ၏ လူမှုစီးပွားဘဝ ပြည့်စုံလုံခြုံစေရေးကို အလေးထားသည်။ နိုင်ငံနှင့်လူမျိုး နိုင်ငံတကာအလယ်တွင် ထည်ထည်ဝါဝါရပ်တည်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ် ကဏ္ဍစုံ၌ ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်ထောင်စုကြီး ဥမကွဲသိုက်မပျက် အဓွန့်ရှည် တည်တံ့ခိုင်မြဲစေရန်နှင့် တိုင်းပြည်ကို သူတစ်ပါးနောက်မြီးဆွဲဩဇာခံဘဝ မကျရောက်စေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်ရန် အမျိုးသားရေးမျှော်မှန်းချက်များ ထားရှိဖော်ဆောင်လျက်ရှိသည်။

အဆိုပါ အမျိုးသားရေးမျှော်မှန်းချက်များကို သားစဉ်မြေးဆက် ထိန်းသိမ်းမြှင့်တင်သွားနိုင်စေရေးအတွက် အာမခံပေးနိုင်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈)ကို မကြာမီကာလတွင် ပြည်သူများ၏ ဆန္ဒခံယူ အတည်ပြုတော့မည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်းခြားကျင့်သုံးရာတွင်လည်းကောင်း၊ ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲစေရေးတွင်လည်းကောင်း၊ နိုင်ငံသားတို့၏ မူလအခွင့်အရေးများ ခွင့်တူညီမျှခံစားခွင့်များ ရရှိစေရေးတွင်လည်းကောင်း ပြည့်ပြည့်စုံစုံ ရေးဆွဲပေးထားပြီးဖြစ်သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေးသည် တစ်မျိုးသားလုံး၏ သမိုင်းပေးတာဝန်၊ ပြည်သူအားလုံး ထမ်းဆောင်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။ သို့ဖြစ်၍ မျိုးချစ်စိတ်ဓာတ်ထက်သန်သူတိုင်း၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို တန်ဖိုးထားသူတိုင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်းက နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ လုပ်ငန်းစဉ်များတွင် တစ်ခဲနက် ပါဝင်ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ကွယ်လွန်သူ ဒေါ်သန်းမြင့် (ပင်စင်ဦးစီး)အား ရည်စူး၍ ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ရွှေကျွန်းမြိုင်လမ်း သုဝဏ္ဏ စုပေါင်းနေ ဦးအေးမိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို ပိဋကနှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တီ-နီ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အစေ့ထုတ်ပြောင်း စံပြဧက ၅၀၀ စိုက်ခင်း တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း လှည်းကူးမြို့နယ်ရှိ အမျိုးသား ကြီးပွားတိုးတက်ရေးကုမ္ပဏီ၏ အစေ့ထုတ်ပြောင်း စမ်းသပ် ၁၀ ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် လဂွမ်းပြင်ဆည်အနီး အုတ်ဖိုရွာဟောင်း၌ အမျိုးသားကြီးပွားတိုးတက်ရေးကုမ္ပဏီကအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အစေ့ထုတ်ပြောင်း စံပြဧက ၅၀၀ စိုက်ခင်းသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ ယာယီရှင်းလင်းဆောင်၌ ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း စိုက်ပျိုးမည့် မျိုးနမူနာများ၊ ရေဆင်းစပ်မျိုး(၃) အစေ့ထုတ် ပြောင်းမျိုးနှင့် CP. 888 အစေ့ထုတ်ပြောင်းမျိုးများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးက အစေ့ထုတ်ပြောင်းသာမက ဆီထွက်သီးနှံများပါ တိုးချဲ့စိုက်ပျိုးရေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် ရေဆင်းစပ်မျိုး(၃)အစေ့ထုတ်ပြောင်း စမ်းသပ် ၁၀ ဧကစိုက်ခင်းနှင့် ဧက ၅၀၀ စိုက်ခင်းစိုက်ပျိုးရန်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

STI Education မှ ပညာရေးအစီအစဉ်သစ်နှင့် အလုပ်အကိုင် အခွင့်အလမ်းများအကြောင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

STI Education မှပညာရေးဆိုင်ရာအစီအစဉ်သစ် စာနယ်ဇင်းရှင်းလင်းပွဲကို ဧပြီ ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်း(အထက်) အမှတ်(၃၇၇)ရှိ STI Education သင်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ STI အကြံပေးပုဂ္ဂိုလ် စီမံရေးရာဌာနမှူး ဒေါ်လှကြူက STI Education မှ ဝန်ဆောင်မှုပေးနေသည့် သင်တန်းများအကြောင်းကို ရှင်း လင်းတင်ပြသည်။ ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှစ၍အင်္ဂလိပ်စာသင်တန်း၊ အင်္ဂလိပ်စာဆရာဖြစ်သင်တန်း (Diploma in Teaching English to Speakers of other Languages)၊ စီမံခန့်ခွဲမှုဒီပလိုမာသင်တန်း (Diploma in Business Management)၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှုဒီပလိုမာသင်တန်း (Diploma in Hospitality & Tourism Management) တို့ကို ပို့ချလျက်ရှိသည်။ ၂၀၀၇ နှစ်ဦးမှစ၍ Diploma in Logistics Management, Diploma in Supply Chain Management သင်တန်းများ ဖွင့်လှစ်ခဲ့ရာ လုပ်ငန်းခွင်မှ စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

STI Education မှ ပညာရေးဆိုင်ရာ အစီအစဉ်သစ် စာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် STI ၏ဒါရိုက်တာ ဒေါက်တာမျိုးမျိုးနိုင်က ယခုနှစ်တွင် အကောင်အထည်ဖော်မည့် အစီအစဉ်သစ်တစ်ရပ်ဖြစ်သော STI ၏ မိတ်ဖက်ကျောင်းဖြစ်သည့် စင်ကာပူနိုင်ငံအခြေစိုက် Singapore Institute of Materials Management (SIMM) သင်တန်းကျောင်း၊ ပို့ချမည့် ဘာသာရပ် စသည်တို့ကို ဆက်လက်ရှင်းလင်းပြသသည်။ Diploma in Logistics Management/ Diploma in Supply Chain Management တက်ရောက်ပြီးနောက် အဆင့်မြင့်ဒီပလိုမာသို့ တက်ရောက်နိုင်ကာ အဆင့်မြင့် ဒီပလိုမာအောင်မြင်ပြီးနောက် ဩစတြေးလျနိုင်ငံ ပါ့သ်မြို့ရှိ Curtin University of Technology မှ ချီးမြှင့်သည့် ဒီဂရီကို ဆက်လက်ရယူနိုင်သည်။ ယင်းတက္ကသိုလ်သည် စင်ကာပူနိုင်ငံတွင် နယ်မြေခွဲဖွင့်လှစ်မည်ဖြစ်သည်။ထို့ကြောင့် သုံးနှစ်တာကာလအတွင်းဩစတြေးလျတက္ကသိုလ်၏ B.Com ဘွဲ့ကို ရနိုင်မည်ဖြစ်သည်။ ပညာထူးချွန်သူများကို ပညာသင်ဆုပေးရန်အစီအစဉ်ရှိကြောင်း SIMM သည် စင်ကာပူစီးပွားရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်း ဆောင်ရွက်နေခြင်းကြောင့် SIMM ကျောင်းပြီးဆုံးသူများမှာ အလုပ်အကိုင်အခွင့်အလမ်းများအထူး ရရှိလျက်ရှိသည်။ ထို့ကြောင့် Logistics Management သည် အခြေခံပညာ ပြီးစီးသူများအတွက် ရွေးချယ်ရန် အခွင့်အလမ်း ရရှိနိုင်သော သင်တန်း၊ ဘွဲ့တစ်ခုဖြစ်သည်။

ယင်းနောက် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ၏ မေးမြန်းဆွေးနွေးချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ နိုင်ငံတကာ အဆင့်မီ ပညာရေးကို စိတ်ဝင်စားသူများအတွက် အခွင့်အရေးအဖြစ် STI Education မှ မေ ၄ ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ဒဂုံမြို့နယ် အလံပြဘုရားလမ်းရှိ Park Royal ဟိုတယ်တွင် SIMM, London Teacher Training College (UK), Queensfield Business School (Singapore) မှ တာဝန်ရှိသူတို့က Information day အသွင် ရှင်းလင်းပြောကြားမည် ဖြစ်သည်။ ယင်းနေ့တွင် ကျောင်းအပ်နှံသူများအတွက် အထူးအစီအစဉ်အဖြစ် ကျောင်းဝင်ကြေး ကင်းလွတ်ခွင့်နှင့် ကျောင်းလခ လျှော့ချပေးမည့် အစီအစဉ်များပါရှိသည်။

သို့ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၅၀၇၀၄၆၊ ၅၀၇၀၄၈၊ ၅၀၇၁၅၁၊ ၅၀၇၁၅၂၊ ၂၅၀၀၅၆ နှင့် ၇၀၀၂၇၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၂၄

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဦးအောင်မြင့် (သဇင်)ရတနာစိန်ဆိုင်သည် ကစားဖော်များဖြစ်ကြသော ဦးမြင့်မောင် (Love Store)၊ ဦးအေးလွင် (ရွှေပဒေသာစာပေထုတ်လုပ်ရေး)၊ ဦးကောင်းခန့်တို့နှင့်အတူ ဧပြီ ၂၀ ရက်က ဂေါက်သီးရိုက်ကစားကြရာ Prostaff No(2) ဘောလုံးကို Mizuno Zephyer Wood No (7) တုတ်ဖြင့် ရိုက်လိုက်ရာ (၁၇၃) ကိုက်ရှိ ကျင်းအမှတ်(၂)တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (က-ပ)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ် အောက်ပုဇွန်တောင်လမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့် ပုဇွန်တောင်ပန်းခြံ၌ မြေစိုက်ပိုစတာစိုက်ထူစဉ်။ (သတင်းစဉ်)

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမျူးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့ မလျော့သောသူသည် အများသူငါတို့ထက် မြတ်သော အကြီးအမျူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ ကုန်၏။

ဓမ္မပဒ (၃၀)

❒ **ရွှေဖုံးမှ**

သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့်၌ လည်းကောင်း၊ ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ရုံးရှေ့၌ လည်းကောင်း၊ သာကေတမြို့နယ် ဧရာဝဏ်လမ်းနှင့် မင်းနန္ဒာလမ်းထောင့်ရှိ ကျောက်တိုင်ရှေ့၌လည်းကောင်း စိုက်ထူကြသည်။ **"အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သည်"**၊ **"အမျိုးသားရေးအကျိုးလိုလားသူတိုင်းထောက်ခံမဲ ပေးကြစို့"**၊ **"ဒို့အနာဂတ်ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုစို့"**၊ **"မျိုးချစ်စိတ်ဓာတ်ထက်သန်သူတိုင်း၊ လုံ့ဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုလိုလားသူတိုင်း၊နယ်ချဲ့စွက်ဖက်မှုနှင့်နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း၊ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုတစ်ခဲနက်ထောက်ခံမဲပေးကြစို့"** နှင့် **"မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်"** ဟူသော မြေစိုက်ပိုစတာများကို ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက ဝိုင်းဝန်းစိုက်ထူခဲ့ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ဂုဏ်ပြု ကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် မင်းနန္ဒာလမ်းရှိ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ မြေစိုက်ပိုစတာ စိုက်ထူစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပြန်တမ်း

နေပြည်တော် ဧပြီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှ စ၍ အတည်ပြုခန့်ထားလိုက်သည်။

(၅၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့ ဓမ္မသုခကျောင်းတိုက် မင်္ဂလာသိဒ္ဓိကျောင်း ရေတာရှည်လမ်းဟောင်း ဗဟန်းမှ ဦးဇာနေယျ လူမှုထူးချွန် (တတိယဆင့်) **(အပေါ်ယာပုံ)** သည် ဧပြီ ၂၂ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် (၅၅)ကြိမ်မြောက် သွေးလှူဒါန်းကြောင်း သိရသည်။

(က-ပ)

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် ဧပြီ ၂၄

ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲ တိုင်းထွာချက်များအရဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေပြီး ယင်းသည် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းနှင့် ကပ္ပလီပင်လယ်ပြင်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၈ ရက်နေ့ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသကြ်န်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅	၄။	မဟာဂီတ ချိုကြည်မြ
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	မြန်မာသကြ်န်
၄း၃၀	၇။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၈။	အမျိုးသားရေးတေးကဗျာ
၅း၀၀	၉။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မြန်မာသကြ်န်
၆း၂၅	၁၄။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၅။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့သူရဲကောင်းအပိုင်း(၅၈)**
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	အမျိုးသားရေးတေးကဗျာ
	၂၀။	စိုက်ပျိုးသုတ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	**ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - ဆန့်ကျင်ဘက်နှလုံးသား အပိုင်း(၂)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

ကလောင်တံမြှင့်၍ အောင်လံလွှင့်အံ့

ကျော်မင်းအေး

ကမ္ဘာ့သမိုင်းဖြစ်စဉ်များအရ နိုင်ငံတစ်နိုင်ငံကို ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ရာတွင် ယေဘုယျအားဖြင့် အဓိကအခြေခံကောင်းသုံးရပ် မရှိမဖြစ်လိုအပ်ကြောင်း ဖော်ထုတ်တွေ့ရှိရသည်ဟု ဆိုကြသည်။ ယင်းအဓိက အခြေခံကောင်းသုံးရပ်မှာ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှုရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်သော လူမှုစီးပွားရေးဘဝ တည်ရှိခြင်းနှင့် အသိပညာဗဟုသုတကြွယ်ဝသောလူ့စွမ်းအားအရင်းအမြစ်များ ရှိထားခြင်းတို့ပင်ဖြစ်သည်။

ယနေ့ ဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနိုင်ငံအချို့ဆိုလျှင် စီးပွားရေးလုပ်ငန်းများကိုပင် ပညာကိုအခြေခံသော စီးပွားရေးလုပ်ငန်းများအဖြစ်သို့ တစ်ဆင့်တက်လှမ်း ကူးပြောင်းနေကြောင်း တွေ့ရှိရသည်။တစ်နည်းအားဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍသုံးရပ်ကို ပညာဖြင့် ဆက်စပ်ဖော်ဆောင်နေခြင်းဟု ဆိုနိုင်သည်။

အဆိုပါ အခြေခံကောင်းသုံးရပ်တွင် အဓိကအကျဆုံးရေသောက်မြစ်မှာ အသိပညာဗဟုသုတ ကြွယ်ဝသော လူ့စွမ်းအားအရင်းအမြစ်ဖြစ်ကြောင်းတွေ့ရသည်။ အသိပညာဗဟုသုတကြွယ်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုထွန်းကားများပြားလာသည်နှင့်အမျှ ထိုနိုင်ငံသည် ပိုမိုတည်ငြိမ် အေးချမ်းသာယာလာမည်။ တရားဥပဒေကို လူတိုင်းနီးပါးလေးစားလိုက်နာကြသည်။ ထိုနည်းတူ တရားဥပဒေကလည်း လူတိုင်းကို တန်းတူညီမျှ အကာအကွယ်ပေးထားသည်။

တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုတို့က ထိုနိုင်ငံသားတို့၏ မူလအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးသည်။ ထို့ကြောင့် လူတိုင်းလိုလိုပင် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားများအလိုက် တီထွင်ဖန်တီးလုပ်ကိုင်နိုင်သည်။ လူသားတို့အတွက် လူ့အသုံးအဆောင်ပစ္စည်းများကို ကောင်းသထက်ကောင်းအောင် ထုတ်လုပ်လာကြသည်။တရားသော ယှဉ်ပြိုင်မှုဖြင့် ကိုယ်ရည်ကိုယ်သွေးနှင့် ဉာဏ်ရည်ဉာဏ်သွေးများ ပိုမိုထက်မြက်မြင့်မားလာကြသည်။

ဤသို့ဖြင့် စားသုံးသူများအတွက်လည်း ရွေးချယ်နိုင်ခွင့်များ ပိုမိုများပြားလာသည်။ ဒေါင်ဒေါင်မြည် စိတ်ကြိုက်ခေါင်းခေါက်ပြီး ဝယ်ယူသုံးစွဲနိုင်ခြင်းဟု ဆိုရမည်။ ဤသို့သော ပစ္စည်းကောင်း၊ အရည်အသွေးကောင်းကို ရွေးချယ်နိုင်စွမ်း မြင့်မားလာခြင်းကပင် နိုင်ငံရေးအရ ရွေးချယ်တင်မြှောက်ရာတွင် ထိထိရောက်ရောက် အထောက်အကူပြုပြန်သည်။ ကြော်ငြာကောင်းရုံ၊ ဝါဒဖြန့်ရုံဖြင့် လူများ၏ ဆန္ဒကို ဆွဲဆောင်၍ မရနိုင်တော့ပေ။ တကယ့်အရည်အချင်း စစ်မှန်ပြည့်ဝပြီးလူထုအကျိုးကို လုံးလုံးလျားလျား သယ်ပိုးလိုသူများကိုသာ မဲဆန္ဒရှင်များက ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ် ရွေးကောက်လာကြသည်။ အပြောနှင့်အလုပ်မညီသူများ၊ ဖောက်ပြန်ပြီးကိုယ်ကျိုးရှာသော နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများကို တစ်ချိန်ချိန်တွင် မဲဆန္ဒရှင်လူထုက Right of Recall အရ ပြန်လည်ဖြုတ်ချဖယ်ရှားလာသည်။ ယင်းသို့ဖြင့် ဒီမိုကရေစီပြည်သူ့အုပ်ချုပ်ရေးစနစ် ခိုင်မာစွာဖြစ်တည်လာလေ့ရှိကြောင်း သုံးသပ်တွေ့ရှိရပေမည်။

မြန်မာနိုင်ငံတွင် မကြာမီပြဋ္ဌာန်းကျင့်သုံးနိုင်တော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဖော်ပြပါကမ္ဘာ့ဒီမိုကရေစီ ယေဘုယျ ဖြစ်စဉ်အပေါ်အခြေခံပြီး မြန်မာနိုင်ငံနှင့်အံဝင်ခွင်ကျဖြစ်အောင် ရေးဆွဲဖော်ဆောင်ထားခြင်းဖြစ်သည်။ အဆိုပါဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် နိုင်ငံ၏ ပညာရေးအုတ်မြစ်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်မြှင့်တင်မှုနှင့် ဆက်စပ်ယှဉ်တွဲ ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိ ရသည်။

ယနေ့မြန်မာနိုင်ငံတွင် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်အံ့ဟူသော ဆောင်ပုဒ်ဖြင့် နှစ် ၃၀ နှစ်ရှည် ပညာရေးစီမံကိန်းကို အကောင်အထည်ဖော်နေဆဲဖြစ်သည်။ အခြေခံပညာကို လူတိုင်းမလွဲမသွေ သင်ယူခွင့်ရရှိရေးအတွက် နိုင်ငံတစ်နံတစ်လျားတွင် နှစ်မိုင်ခွဲဧရိယာတိုင်း၌ အခြေခံပညာကျောင်းတစ်ကျောင်း တည်ဆောက်ဖွင့်လှစ်ပေးထားနိုင်ခဲ့သည်။ တစ်နိုင်ငံလုံး တိုင်းနှင့်ပြည်နယ်အနှံ့တွင် အထူးဖွံ့ဖြိုးရေးဒေသ ၂၄ ခု သတ်မှတ်ပြီး ဒေသတိုင်း၌ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ် တစ်ခုစီ၊ နည်းပညာတက္ကသိုလ် တစ်ခုစီနှင့် ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ တည်ထောင်ဖွင့်လှစ်ပေးထားသည်။

အဓိကရည်မှန်းချက်မှာ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းဒေသကြီး(၇)ခုနှင့် ပြည်နယ် (၇)ခုတို့၌ ဖွဲ့စည်းတည်ရှိလာမည့် လွှတ်တော်အသီးသီး၊ အစိုးရအသီးသီးနှင့် တရားရုံးလွှတ်တော် အသီးသီးတို့၏ လုပ်ငန်းကိစ္စများတွင် ဒေသခံ အသိပညာရှင်၊ အတတ် ပညာရှင် မျိုးဆက်သစ် လူငယ်လူရွယ်များ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန်အတွက် ဖြစ်ပေသည်။

တစ်နည်းဆိုရလျှင် နိုင်ငံရေးသည်နိုင်ငံသားတိုင်း၏အရေးဖြစ်သည်။ နိုင်ငံရေးတွင် နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ စွမ်းအားဖြင့် ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိရမည်။ မိမိဒေသ၏ ဘက်စုံကဏ္ဍစုံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဒေသခံတိုင်းရင်းသားများ ကိုယ်တိုင်ကိုယ်ကျ ပညာပြည့်ဝနှလုံးလှစွာ ပါဝင်ထမ်းဆောင်နိုင်ကြခြင်းဖြင့် ဒေသတိုင်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းဖော်ဆောင်ထားခြင်းဖြစ်ကြောင်း အထူးဖော်ပြအသိပေးလိုပေသည်။

ရှေ့လာမည့် ၂၀၀၈ ခုနှစ် မေလ ၁၀ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဖြင့် အတည်ပြုမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း၌ ပညာရေးနှင့် စပ်လျဉ်းပြီး အောက်ပါအတိုင်း အခြေခံမူများ ပြဋ္ဌာန်းထားပေသည်-

* **နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကျိုးကို ကူညီဆောင်ရွက်မည်။**
* **နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့်ကျန်းမာရေး တိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်။ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတို့တွင် တိုင်းရင်းသားပြည်သူများ ပါဝင်ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရမည်။ အခမဲ့ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်။ ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ် ဖော်ဆောင်ရမည်။**
* **နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက် ရေး၊ အတွေးအခေါ် မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေး တို့အတွက် ဆောင်ရွက်ရမည်။**

ထို့အပြင် အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးရေး၊ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုဖွံ့ဖြိုးရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများကိုလည်း ပြဋ္ဌာန်းထားကြောင်း လေ့လာတွေ့ရှိနိုင်သည်။

အဆိုပါပြဋ္ဌာန်းချက်များသည် ယနေ့နိုင်ငံတော်က ဖော်ဆောင်ပေးလျက်ရှိသည့် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုနှင့် စာပေ၊ အနုပညာ အခြေခံကောင်းများ ပြည်ထောင်စုတစ်ဝန်းလုံး၌ အလျားလိုက်ကျယ်ကျယ်ပြန့်ပြန့် တည်ရှိနေမှုကို မဏ္ဍိုင်ပြုပြီး ဒေသအသီးသီးက ဒေါင်လိုက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားရေးကို ဦးစားပေးရည်ရွယ်ထားပေသည်။

မြန်မာတို့၏ ပညာရေး၊ ယဉ်ကျေးမှု၊ စာပေ၊ ဗိသုကာ၊ အနုပညာ၊ ပန်းပညာအဆင့်အတန်း မြင့်မားမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသို့ ရှေးခေတ်ကာလများကပင် လာရောက်ခဲ့ကြသော နိုင်ငံခြားသားများက လေ့လာမှတ်တမ်းတင်ပြီး ချီးကျူးရေးသားလေ့ရှိကြောင်းသိရသည်။ ခရစ်နှစ် ၁၇၀၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့သည့် အီတလီနိုင်ငံ ဗင်းနစ်မြို့သား Nicolo Manucci က **“မြန်မာနိုင်ငံဟူသည် ကလောင်တံဖြင့် အုပ်ချုပ်သောဘုရင့်နိုင်ငံတော် (A Kingdom Governed by the Pen) ဖြစ်သည်”** ဟု မှတ်ချက်ပြုရေးသားခဲ့ကြောင်း လေ့လာဖတ်ရှုခဲ့ဖူးသည်။

ယခုအခါ အနာဂတ်နိုင်ငံတော်ကို ကလောင်ဖြင့် အုပ်ချုပ်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုရေးဆွဲထားပြီး ဖြစ်ပေသည်။ အနာဂတ်မြန်မာနိုင်ငံတော်သည် ပညာတတ်နိုင်ငံတော်အဖြစ် မလွဲမသွေ ပေါ်ထွန်းလာပေတော့ မည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုနိုင်ရေးအတွက် ပညာဉာဏ်စွမ်းဖြင့် တစ်ခဲနက်ထောက်ခံဆန္ဒမဲပေးကာ ပညာကိုယ်စီ အရင်းတည်ကြပါစို့၊ ကလောင်တံမြှင့်၍ အောင်လံလွှင့်ကြပါစို့ဟု တိုက်တွန်းအပ်ပေသည်။ ။

မြန်မာနိုင်ငံတွင် မကြာမီပြဋ္ဌာန်းကျင့်သုံးနိုင်တော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘာ့ဒီမိုကရေစီ ယေဘုယျဖြစ်စဉ်အပေါ် အခြေခံပြီး မြန်မာနိုင်ငံနှင့် အံဝင်ခွင်ကျဖြစ်အောင် ရေးဆွဲဖော်ဆောင်ထားခြင်းဖြစ်သည်။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံ၏ပညာရေးအုတ်မြစ်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ပျိုးထောင်မြှင့်တင်မှုနှင့် ဆက်စပ်ယှဉ်တွဲ ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရသည်။

ယခုအခါ အနာဂတ်နိုင်ငံတော်ကို ကလောင်ဖြင့်အုပ်ချုပ်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် ထူထောင်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းကို ရေးဆွဲထားပြီးဖြစ်ပေသည်။ အနာဂတ်မြန်မာနိုင်ငံတော်သည် ပညာတတ်နိုင်ငံတော်အဖြစ် မလွဲမသွေ ပေါ်ထွန်းလာပေတော့မည်။ သို့ဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုနိုင်ရေးအတွက် ပညာဉာဏ်စွမ်းဖြင့် တစ်ခဲနက်ထောက်ခံဆန္ဒမဲပေးကာ ပညာကိုယ်စီ အရင်းတည်ကြပါစို့၊ ကလောင်တံမြှင့်၍ အောင်လံလွှင့်ကြပါစို့။

● ဒီမိုကရေစီထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှု

နေပြည်တော် ဧပြီ ၂၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၀ ရက်တွင် ပေါက်တောမြို့နယ် မြင့်ဂါကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျေးရွာပြည်သူများနှင့်တွေ့ဆုံ၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။

ယင်းနောက် တိုင်းမှူးက ကျောင်းသုံး ဗလာစာအုပ် ၂၅ ဒါဇင်၊ ဆေးဝါးပစ္စည်းများနှင့် အရန်မီးသတ်ဝတ်စုံများကိုလည်းကောင်း၊ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းအသင်းဝတ်စုံများ၊ အဝတ်အထည်များ၊ ဂျာနယ်စာစောင်များကိုလည်းကောင်း ပေးအပ်ကြပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပေးအပ်

ဆက်လက်၍ ပေါက်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမဆောင်၌ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးမှ မြို့မိမြို့ဖများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး တိုင်းမှူးကကျောင်းအတွက် ကျောင်းသုံးဗလာစာအုပ် ၂၅ ဒါဇင်၊ ဆေးဝါးပစ္စည်းများနှင့် အရန်မီးသတ်ဝတ်စုံများကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ပေါက်တောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အလှူငွေကျပ်ငါးသိန်းနှင့် အသင်းဝတ်လုံချည်များ၊ ဂျာနယ်စာစောင်များ၊ အဝတ်အထည်များကိုလည်းကောင်း ပေးအပ်ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၏ တောင်ဘက် စောင်းတန်းတော်ကြီးအတွက် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်း အာသောကလမ်းနေ ဦးလှသောင်း-ဒေါ်တင်ရွှေ၊ သမီး မကြည်ကြည်ညွန့်၊ ဦးခင်မောင်ထွေး-မကြည်ကြည်မြင့် အောင်ချမ်းသာပွဲရုံ မိသားစုက အလှူငွေကျပ် ၃၀၀၀၀၀၀ ကိုလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်၊ ဦးသန်းလွင်၊ ဦးအေးမြင့်၊ ဦးထွန်းတို့ လက်ခံယူစဉ်။(ကြေးမုံ)

မြို့နယ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်မှု မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ရန်ကုန်မြို့ရှိ မြို့နယ်များ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းအား တောင်ဥက္ကလာပ မြို့နယ် အမှတ်(၆)အခြေခံပညာ အလယ်တန်း ကျောင်းရှိ ကျောင်းဆောင်သစ်တွင် Steel Structure အမျိုးအစားဖြင့် တည်ဆောက်ထားမှုနှင့် ပတ်သက်၍ အင်ဂျင်နီယာဌာန (အဆောက်အအုံ)ဌာနမှူး ဦးဇော်ဝင်း ရှင်းလင်းတင်ပြစဉ်။

(၁၉)

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်ရှိ ရွှေဝါထွန်းလမ်းသို့ သွားရောက်ပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်စည်းရုံးမှုဖြင့် ကွန်ကရစ်လမ်းခင်းနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး ရပ်မိရပ်ဖများနှင့် ရပ်ကွက်နေပြည်သူများအား ရင်းရင်း နှီးနှီးတွေ့ဆုံသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် တောင်ဥက္ကလာပ မြို့နယ် အမှတ်(၁၃) ရပ်ကွက် ဝရဇဏာလမ်းသွယ်၆လမ်း၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် ဘောလုံးအားကစားကွင်းပြုလုပ်ရန် မြေသားဖို့ဆောင်ရွက်နေမှုနှင့် တောင်ဥက္ကလာပ မြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ၂၇ လမ်းနှင့် သုမင်္ဂလာလမ်းထောင့်၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသည့် ဖြိုးစေတနာ ဆေးခန်းနှင့် ပညာဒါန အဆောက်အအုံ တည်ဆောက်နေမှုတို့ကို သွားရောက် ကြည့်ရှု စစ်ဆေးသည်။

ဖြည့်ဆည်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် တောင်ဥက္ကလာပ အမှတ်(၂၅) အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ် အဆောက်အအုံ တည်ဆောက်နေမှုနှင့် ကျောင်းဆောင်သစ်ထပ်မံ တည်ဆောက်မည့် မြေနေရာတို့ကို လိုက်လံကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်သည် တောင်ဥက္ကလာပ အမှတ်(၆) အခြေခံပညာ အလယ်တန်းကျောင်းသို့ သွားရောက်ပြီး ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကျပ်သိန်း ၉၇၀အကုန်အကျခံကာတိုင်၊ဒိုင်းလွှား၊ ယက်မတို့အား Steel Structure အမျိုးအစားဖြင့် တည်ဆောက်ထားသည့် ခြောက်ခန်းတွဲ နှစ်ထပ် အဆောက်အအုံ တည်ဆောက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု လုပ်ငန်း အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ (၁၉)

ဟင်္သာတမြို့တွင် စာပေရေးရာများ ဟောပြော

ရန်ကုန် ဧပြီ ၂၄

စာရေးဆရာကြီးများ၏ စာပေနှင့် အသိပညာပေးဟောပြောပွဲကို ဧပြီ ၈ ရက် ည ၈ နာရီက ဟင်္သာတမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဆရာချစ်နိုင်(စိတ်ပညာ)က ‘စေတနာကောင်းလျှင် ကံကောင်းမည်’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာချစ်စံဝင်းက ‘အရေးကြီးတာ အရင်လုပ်ပါ’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာကောင်းသန့်က ‘စကားလက်ဆောင်’ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာမလမင်းအိမ်က ‘နှလုံးသားထဲက အာဟာရ’ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြသည်။

စာပေဟောပြောပွဲသို့ ဟင်္သာတခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား၊ ကျောင်းသူများ၊စာပေဝါသနာရှင်များ၊ပြည်သူများ စုစုပေါင်း တစ်ထောင်ကျော်ခန့် တက်ရောက်ကြကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

မီး သတိပြု

ကျောင်းကြိုပို့ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား အသိပညာပေးဆွေးနွေးဟောပြော

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး (၂)၊ ဒုတိယရဲမှူး စိုးလွင်သည် ဧပြီ ၂၂ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ မှော်ဘီမြို့နယ် နည်းပညာတက္ကသိုလ်၌ ကျောင်းကြိုပို့ ပြေးဆွဲလျက်ရှိသော ကြိုပို့ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၄၀ ဦးအား ယာဉ်အန္တရာယ် ကင်းရှင်းစေရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား အသိပညာပေး ဆွေးနွေးဟောပြောသည်။ **(အောက်ပုံ)**

အဆိုပါ အခမ်းအနားသို့ မှော်ဘီနည်းပညာတက္ကသိုလ်မှ မော်ကွန်းထိန်း ဒေါက်တာ ကြူကြူလွင်၊ အရှေ့ပိုင်းခရိုင် ယာဉ်လိုင်းမှ ယာဉ်လိုင်းဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ဆုချီးမြှင့်

ဗဟန်းမြို့နယ် အမက (၁၀) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲတွင် ပထမတန်းမှ ပထမဆုရ မအိမ့်မျက်ကြည်ဖြူဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းယဉ် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ် (ဂ)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

မိမိတို့၏ နိစ္စဓူဝ လူနေမှုကိစ္စအဝဝတွင် လျှပ်စစ်သုံးစက်ပစ္စည်းများ၏ ပံ့ပိုးအသုံးဝင်မှုသည် တစ်စထက်တစ်စတိုးတက်၍ နေရာယူမှန်းမသိ နေရာယူလာခဲ့ပြီး၊ လျှပ်စစ်မီး ဆက်သွယ်အသုံးပြုခွင့်ရပြီးသူများကလည်း လျှပ်စစ်မီးကို အချိန်ပြည့် သုံးစွဲခွင့်ရလိုသည်။အလားတူ လျှပ်စစ်မီးတရားဝင်သုံးစွဲခွင့် မရရှိသေးသူများအနေဖြင့်လည်း တရားဝင်ဓာတ်အားသုံးစွဲခွင့်ရရှိမည်ဆိုပါက မိမိမိသားစု လူနေမှုဘဝ ပိုမိုလှပလာမည်ဖြစ်၍ တရားဝင်မီတာ တပ်ဆင်ခွင့်ရရှိရေးကို တမ်းတကြသည်။

လက်ရှိ ဓာတ်အားထုတ်လုပ်နိုင်မှုသည် သုံးစွဲလိုသည့် ဓာတ်အားပမာဏကို ပြည့်မီခြင်းမရှိသေးသည့်တိုင် ရှေ့လာမည့် (၁) နှစ်ကျော်ကာလအတွင်း တည်ဆောက်ပြီးစီးမည့် ရွဲရွာရေအားလျှပ်စစ်စီမံကိန်းကြီးနှင့် စစ်တောင်းမြစ်ဝှမ်းမှ ရွှေကျင်၊ ဖြူး၊ ကွန်း ရေအားလျှပ်စစ်စီမံကိန်းများ၏ ဓာတ်အားပမာဏ မြင့်မားစွာ တိုးတက်ထုတ်လုပ်နိုင်သည်နှင့် တစ်ပြိုင်နက် ပြည်သူလူထု ဓာတ်အားသုံးစွဲခွင့် အသင့်ရရှိ နေစေရေးဦးတည်ချက်ဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်း အဆင့်အဖြစ် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အိမ်သုံးမီတာ တပ်ဆင်ခွင့်ပြုခြင်းလုပ်ငန်းကို စနစ်တကျ စီမံချက်ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည်။

နမ့်ဆောင်ငေါင်း ရေအားလျှပ်စစ် ဓာတ်အာပေးစက်ရုံကို တွေ့ရစဉ်။

မီတာတပ်ဆင်ပေးနိုင်မှု အခြေအနေ

မြန်မာနိုင်ငံ၌ ၁၉၈၈ ခုနှစ်တွင် လူဦးရေသည် ၃၉ သန်းခန့် ရှိခဲ့ပါသည်။ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဖွဲ့စည်းပြီးသည့်နောက်ပိုင်း အချိန်ဖြစ်သော ၂၀၀၈ ခုနှစ်တွင် လူဦးရေသည် ၅၆ သန်းကျော်အထိ တိုးတက်လာခဲ့ပါသည်။ ထိုသို့ တိုးတက်လာသော လူဦးရေနှင့်အညီ ဓာတ်အားစနစ်တကျ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် အောက်ဖော်ပြပါ ကြော်ငြာစာဖြင့် ပြည်သူလူထုအား အသိပေးကြေညာလျက် လျှပ်စစ်မီတာများ တပ်ဆင်ပေးခဲ့ပါသည်-

ကြော်ငြာစာ

၁။ အိမ်သုံးလျှပ်စစ်မီတာ လျှောက်လွှာများ လက်ခံနေပါသည်။ လျှောက်လွှာပုံစံကို သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများတွင် အခမဲ့ရယူလျှောက်ထားနိုင်ပါသည်။

၂။ အိမ်သုံးမီတာလျှောက်လွှာ မှတ်ပုံတင်ကြေး (၁၀၀ဝိ)ပေးသွင်းပြီးပါက သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ၊ မရှိ လျှောက်လွှာရှင်နေအိမ်သို့ လာရောက်စစ်ဆေးရန် သက်ဆိုင်ရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးများနှင့် ဆက်သွယ်ရပါမည်။

၃။ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက မီတာတပ်ဆင်ခွင့်ရမည်ဖြစ်ပြီး အောက်ပါအတိုင်း ကျသင့်ငွေပေးသွင်းရပါမည်-

(က) အိမ်သုံးမီတာသတ်မှတ်ကြေး	၅၀၀၀ဝိ/-
(ခ) အာမခံစပေါ်ငွေ	၃၀၀ဝိ/-
(ဂ) လျှပ်စစ်ကြိုးဆက်ခ/ကြိုးကြပ်ခ	၃၀၀ဝိ/-
စုစုပေါင်း	**၅၆၀၀ဝိ/-**

၄။ အိမ်တွင်းဝါယာနှင့် လျှပ်စစ်ပစ္စည်းများကို အိမ်ရှင်က တာဝန်ယူတပ်ဆင်ရပါသည်။ အိမ်တွင်းဝါယာတပ်ဆင်မှုပြီးစီးပါက အပိုဒ်(၃)တွင် ဖော်ပြထားသော သတ်မှတ်ကျသင့်ငွေ (၅၆၀၀ဝိ/-)ပေးသွင်းပြီးသည့်နေ့ရက်မှစ၍ တစ်ပတ်အတွင်း လျှပ်စစ်မီတာ တပ်ဆင်ပေးမည်ဖြစ်သည်။

၅။ အိမ်သုံးမီတာ လျှောက်ထားခြင်း၊ တပ်ဆင်မှုပြုလုပ်ခြင်းတို့အတွက် မည်သည့်နေရာ၊ မည်သူ့ဆီကမျှ ထောက်ခံချက် တစ်စုံတစ်ရာ ယူရန်မလို(မလို)ကြောင်း အသိပေးဖော်ပြအပ်ပါသည်။

ဗိုလ်ချုပ်ခင်မောင်မြင့်
ဝန်ကြီး
အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

သို့ဖြစ်၍ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ၂၀၀၈ ခုနှစ် ဇန်နဝါရီလအထိ တစ်နိုင်ငံလုံးတွင် မီတာတပ်ဆင်ပေးနိုင်မှု အခြေအနေများမှာ တစ်ဖက်ပါဇယားအတိုင်း ဖြစ်ပါသည်-



ပြည်နယ်နှင့်တိုင်းအလိုက် အိမ်ထောင်စုဦးရေ၊ တပ်ဆင်ပြီး မီတာဦးရေနှင့် ဆက်လက်တပ်ဆင်ရမည့် မီတာဦးရေစာရင်း

စဉ်	ပြည်နယ်/တိုင်း	အိမ်ထောင်စု ဦးရေ	၂၀၀၈ခုနှစ်၊ ဇန်နဝါရီလ(၃၁) ရက်နေ့ရှိတပ်ဆင်ပြီး	
			မီတာဦးရေ	အိမ်ထောင်စုအပေါ်%
၁	မန္တလေး	၁၀၄၇၁၃၆	၂၈၀၈၄၄	၂၇%
၂	စစ်ကိုင်း	၈၉၉၂၈၄	၁၁၅၉၆၈	၁၃%
၃	ဧရာဝတီ	၁၁၄၀၄၈၅	၉၀၇၅၇	၈%
၄	မကွေး	၆၇၉၂၅၇	၈၈၄၀၇	၁၃%
၅	ပဲခူး(အရှေ့)	၅၆၅၃၁၁	၉၇၉၆၈	၁၇%
၆	ရှမ်း(တောင်)	၃၃၉၄၄၈	၆၃၂၂၄	၁၉%
၇	ပဲခူး(အနောက်)	၃၉၈၉၈၇	၆၃၇၆၂	၁၆%
၈	မွန်	၃၁၅၅၃၁	၅၈၅၁၀	၁၉%
၉	ရှမ်း(မြောက်)	၂၉၃၉၈၀	၃၀၄၃၃	၁၀%
၁၀	ကချင်	၁၈၉၇၉၁	၂၆၃၅၄	၁၄%
၁၁	ရခိုင်	၄၇၉၁၈၇	၂၃၆၀၆	၅%
၁၂	ကရင်	၂၂၉၇၀၀	၂၂၁၇၈	၁၀%
၁၃	တနင်္သာရီ	၁၈၇၄၁၃	၁၇၇၃၇	၉%
၁၄	ကယား	၃၇၉၆၀	၁၄၈၁၃	၃၉%
၁၅	ရှမ်း(ရှေ့)	၁၁၈၅၆၄	၁၃၄၅၆	၁၁%
၁၆	ချင်း	၇၅၇၂၆	၉၃၅၇	၁၂%
ပြည်နယ်/တိုင်း(ရန်ကုန်မပါ)ပေါင်း		၆၉၉၇၇၆၀	၁၀၁၇၃၇၄	၁၅%
၁၇	ရန်ကုန်တိုင်း	၁၀၈၁၅၆၇	၇၃၂၂၃၀	၆၈%
	စုစုပေါင်း	**၈၀၇၉၃၂၇**	**၁၇၄၉၆၀၄**	**၂၂%**

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဖွဲ့စည်းပြီး တစ်နှစ်ကျော်ကာလအတွင်းတွင် အိမ်ထောင်စု ငါးသိန်းနီးပါးခန့်အား လျှပ်စစ်မီတာများ ထပ်မံတပ်ဆင်ပေးနိုင်ခဲ့ပါသည်။

တိုးတက်လာသောလူဦးရေ/ အိမ်ထောင်စုနှင့် မီတာတပ်ဆင်ပေးနိုင်မှု အခြေအနေ

အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈ခုနှစ်	၂၀၀၅-၂၀၀၆ခုနှစ်	၂၀၀၈ခုနှစ်၊ ဇန်နဝါရီလအထိ
လူဦးရေ	သန်း	၃၉	၅၅. ၃	၅၆. ၃၈
စုစုပေါင်းအိမ်ထောင်စု	သန်း	၅. ၅၈၉	၈. ၀၁၅	၈. ၀၇၉
မီတာတပ်ပြီးအိမ်ထောင်စု	သန်း	၀. ၆၁၂	၁. ၂၆၉	၁. ၇၅၀
မီတာတပ်ပြီး	(%)	၁၀. ၉၅	၁၅. ၈၃	၂၁. ၆၆

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သက်နိုင်ဝင်း မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့၏ နှစ်ထပ်ရုံးသစ်ကို စက်ခလုတ်နှိပ်ဖွင့်ပေး

ရန်ကုန် ဧပြီ ၂၄

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အမှတ်(၅)၊ တိုးချဲ့ကမ်းနားလမ်းတွင် ငွေကျပ် သိန်း ၄၀၀ ကျော် အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် မွန် ပြည်နယ် ဗီဒီယို အခြေခံအဖွဲ့၏ RC နှစ်ထပ်ရုံးသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မော်လမြိုင်မြို့၊ အမှတ် (၅) တိုးချဲ့ ကမ်းနားလမ်း အမှတ် (၅၈) မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့၏ ရုံးသစ်ရှေ့၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဇနီး ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဇနီးများ၊ မွန်ပြည်နယ် (၁၀)မြို့နယ်ရှိ ဗီဒီယို အခြေခံအဖွဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုဆောင်များ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ RC နှစ်ထပ်ရုံးသစ် ဖွင့်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ၊ တွဲဖက်အတွင်းရေးမှူးနှင့် ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် မွန်ပြည်နယ် ဗီဒီယို အခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးချန်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်သည်။**(အောက်ပုံ)**

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက RC နှစ်ထပ်ရုံးသစ် (မွန်ပြည်နယ် ဗီဒီယို အခြေခံအဖွဲ့)အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က RC နှစ်ထပ်ရုံးသစ်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မွန်ပြည်နယ် ဘီးလင်းမြို့ ပေါက်တောကျေးရွာ ပရဟိတ တိုင်းရင်းသားလူငယ် ဖွံ့ဖြိုး ရေးကျောင်း၌ ဗိုလ်တထောင် ဆိပ်ကမ်း ကျန်းမာရေးအဖွဲ့ဝင် များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဗိုလ်တထောင်ဆိပ်ကမ်း ကျန်းမာရေးအဖွဲ့ လူမှုရေးအလှူ ငွေပဒေသာပင်စိုက်ထူ

ရန်ကုန် ဧပြီ ၂၄

ဗိုလ်တထောင်ဆိပ်ကမ်း ကျန်းမာရေးအဖွဲ့၏ လူမှုရေးအလှူငွေကျပ် ၆၆ သိန်း ငွေပဒေသာပင်စိုက်ထူပွဲကို (၁၃၆၉ခုနှစ် တန်ခူးလဆန်း ၁ ရက်) ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီက မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပေါက်တောကျေးရွာရှိ ပရဟိတ တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေး ကျောင်းတွင် ကျင်းပသည်။ အဆိုပါ အခမ်းအနားတွင် ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း ကျန်းမာရေး အဖွဲ့မှ ဦးကျော်ခိုင်၊ ဒေါ်ခင်ခင်အေး မိသားစု (မြန်မာ့အလှဆောက်လုပ်ရေး)၊ ဦးအောင်စိုး၊ ဒေါ်လှလှဝင်း မိသားစု (အင်ကြင်းခိုင်ဖိနပ်ဆိုင်)၊ ဦးစိုးမြ၊ ဒေါ်ရွှေရီမိသားစု (ရွှေဘုံသာ ရွှေဆိုင်) တို့ဦးစီး၍ အလှူရှင်တစ်ရာကျော်က စုပေါင်းလှူဒါန်းခဲ့ကြသည်။ ယင်းအလှူပွဲတွင် စေတနာရှင် အသီးသီးက ငွေပဒေသာပင်ကျပ် ၆၆ သိန်းအပြင် ကျောင်းရှိ ကလေးငယ်များအတွက် အကျႌအဝတ်အစား၊ ဖိနပ်၊ စာအုပ်နှင့် စာရေးကိရိယာများ၊ ခေါက်ဆွဲခြောက်၊ အချိုရည်စသည့် စားဖွယ်မျိုးစုံတို့လည်း ပါဝင်သည်။

လှူဒါန်းပွဲ အခမ်းအနားတွင် အကျိုးဆောင်အုပ်ချုပ်ရေးမှူး ဦးသူရအောင်က တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေး ကျောင်းအကြောင်း ရှင်းလင်းတင်ပြပြီး အလှူရှင်များကိုယ်စား ဦးကျော်ခိုင် (မြန်မာ့အလှနှင့် ရှေ့ဆောင်ပုံနှိပ်တိုက်)က လှူဒါန်းရခြင်းအကြောင်း လျှောက်ထားပြီးအဖွဲ့ နာယကဆရာသာဂဒိုး၊ ဗိုလ်တထောင် ဂေါပကအဖွဲ့ဝင် ဦးလှထွန်း(လှထွန်း-တွံတေး)၊ ရွှေဘုန်းပွင့် ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးတင့်လွင်တို့က လူငယ်များ ဗဟုသုတဖြစ်ဖွယ်တို့ကို အသီးသီး ပြောကြားကြသည်။

အများဆုံးလှူ

ယခုလှူဒါန်းမှုသည် ပရဟိတ တိုင်းရင်းသားလူငယ် ဖွံ့ဖြိုးရေး ကျောင်းအတွက် ငွေသားကျပ် ၆၆ သိန်းအပြင် ဆွမ်းနှင့်ပစ္စည်း ကျပ် လေးသိန်း စုစုပေါင်းကျပ်သိန်း၇၀ခန့် ရှိပြီး ဗိုလ်တထောင်ကျန်းမာရေးအဖွဲ့ ဝင်တို့၏ အများဆုံးအလှူဖြစ်သည်။

အဆိုပါ အဖွဲ့သည် ၂၀၀၇ ခုနှစ် စက်တင်ဘာလကလည်း ရန်ကုန်တိုင်း တွံတေးမြို့ ဘုရားကြီးကျေးရွာရှိ မင်္ဂလာပရဟိတ မိဘမဲ့လူငယ် သင်တန်းကျောင်းသို့ အလှူငွေ ပဒေသာပင်ကျပ် ၅၂ သိန်းလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (က-ပ)

စီးပွားဖြစ်သစ်ခွစိုက်ပျိုးနည်းနှင့် သစ်သီးအလှပြုပြင်မှု သင်တန်းများဖွင့်မည်

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူး၍ စီးပွားဖြစ်သစ်ခွ စိုက်ပျိုးနည်းသင်တန်း ၁/၂၀၀၈ကို မေ ၅ ရက်မှ ၁၆ ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၄နာရီအတွင်း၊ သစ်သီးအလှပြုပြင်နည်း(Fruit Curving) သင်တန်းကို မေ ၂၀ရက်မှ ၃၀ရက်အထိနေ့စဉ်မွန်းလွဲ ၁နာရီမှ ညနေ၃နာရီ အတွင်း သင်တန်းသား၊ သင်တန်းသူ ၅၀ စီဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင် အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် စီးပွားဖြစ်သစ်ခွ စိုက်ပျိုးနည်း သင်တန်းတွင် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ကျပ် ၁၂၀၀၀၊ ပြင်ပပုဂ္ဂိုလ် များအတွက် ကျပ် ၁၅၀၀၀၊ သစ်သီးအလှပြုပြင်မှုသင်တန်းတွင် အသင်းဝင် များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် ကျပ် ၇၀၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၈၀၀၀၊ သတ်မှတ်ထားရာ တက်ရောက်လိုသူများ ပြည်သူ့ရင်ပြင် အတွင်းရှိ အသင်းရုံး တယ်လီဖုန်းအမှတ် ၃၇၉၃၆၁ သို့ ဆက်သွယ် တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ (၄၅)

နှစ်ဖက်မိဘများအား ရည်မှန်း၍ စမ်းချောင်းမြို့နယ် ရှင်စောပု ရပ်ကွက် ရှင်စောပုဘုရားလမ်းနေ ဦးအုန်းဖေ-ဒေါ်သိန်းနွဲ့ မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီးသို့ ထာဝရ နဝကမ္မဘက်စုံ အလှူငွေကျပ် တစ်သိန်းနှစ်သောင်း လှူဒါန်းရာ ဆေးရုံဒုတိယ အုပ်ချုပ်ရေးမှူး ဦးသန်းအောင် လက်ခံယူစဉ်။ (က-ပ)

သင့်သွေးဖြင့် အသက်ကယ်ပါ

★စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

မီတာသုံးစွဲယူနစ် ဖတ်ယူမှုအခြေအနေ

ဓာတ်အားသုံးစွဲလိုသူများအား လျှပ်စစ်ဓာတ်အား တရားဝင် ဆက်သွယ် သုံးစွဲခွင့်ရရှိစေရန် စည်းစနစ်တကျမီတာတပ်ဆင်ခွင့်များ တိုးချဲ့စီစဉ် ဆောင်ရွက်ပေးထားသည်နှင့်အမျှ အထက်ဇယားဖြင့် တင်ပြထားသည့်အတိုင်း ၁၉၈၈ ခုနှစ် မတိုင်မီက တပ်ဆင်ပြီး မီတာလုံးရေ ၀ ဒသမ ၆၁၂ သန်းသာရှိရာမှ ၂၀၀၈ခုနှစ် ဇန်နဝါရီလတွင် တပ်ဆင်ပြီး မီတာလုံးရေ ၁ ဒသမ ၇၅ သန်းအထိ ရောက်ရှိလာသည်။

မီတာလုံးရေ တစ်သန်းကျော် တိုးတက်လာခဲ့ရာ လစဉ် ဓာတ်အားသုံးစွဲ ယူနစ် ဖတ်ယူခြင်းလုပ်ငန်းနှင့် ဓာတ်အားခတောင်းခံလွှာ (ဘီလ်)ပေးဝေခြင်း လုပ်ငန်းအား စနစ်တကျနှင့် မှန်ကန်မှုရှိရန် ပို၍ဂရုစိုက်ဆောင်ရွက်ရေးလိုအပ်လာသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူများ၏ တစ်လတာ ဓာတ်အားသုံးစွဲမှု ပမာဏကို လစဉ် အောက်ပါစနစ်အတိုင်း ဖတ်ယူဆောင်ရွက်လျက်ရှိသည်-

ပြီးခဲ့သောတစ်လတာ ဓာတ်အားသုံးစွဲမှု (ဓာတ်အားယူနစ်) ပမာဏကို လဆန်း (၅) ရက်အတွင်း မီတာဖတ်စာရေးများက အိမ်တိုင်ရာရောက်ဖတ်ယူလျက်ရှိရာ မီတာဖတ်စာရေးတစ်ဦး၏ တာဝန်ကို အောက်ပါအတိုင်း သတ်မှတ်ထားကြောင်း သိရှိရသည်-

မြို့ပေါ်တွင်

မီတာဖတ်စာရေး (ကျား) တစ်ဦးလျှင်	မီတာလုံးရေ (၁၀၀၀)
မီတာဖတ်စာရေး (မ) တစ်ဦးလျှင်	မီတာလုံးရေ (၈၀၀)

နယ်တွင်

မီတာဖတ်စာရေး (ကျား) တစ်ဦးလျှင်	မီတာလုံးရေ (၈၀၀)
မီတာဖတ်စာရေး (မ) တစ်ဦးလျှင်	မီတာလုံးရေ (၇၀၀)

တောင်ပေါ်ဒေသတွင်

မီတာဖတ်စာရေး (ကျား) တစ်ဦးလျှင်	မီတာလုံးရေ(၇၀၀)
မီတာဖတ်စာရေး (မ) တစ်ဦးလျှင်	မီတာလုံးရေ(၆၀၀)

မီတာဖတ်စာရေး တစ်ဦးလျှင် တာဝန်ယူရမည့် မီတာလုံးရေ သတ်မှတ်ချက် ကွာခြားရခြင်းမှာ မြို့ပေါ်တွင် မီတာများ တပ်ဆင်ထားရှိမှုသည် နယ်မြေဧရိယာတစ်ခုအတွင်း အလုံးရေများများ တစုတဝေးတည်း ရှိနိုင်သော်လည်း နယ်နှင့် တောင်ပေါ်ဒေသများတွင် မီတာတပ်ဆင်မှု အနေအထားမှာ နေရာကျဲပြန့်စွာ တည်ရှိသည့် အတွက် သတ်မှတ်ကာလအတွင်း မီတာဖတ်စာရေးတစ်ဦးအနေဖြင့် သွားလာဖတ်ရှုနိုင်မှုအတွက် လုံလောက် သော အချိန်နှင့် လုပ်ငန်းနိုင်နင်းမှုရှိစေရန် ပထဝီမြေပြင် အနေအထားအရ စီစဉ် သတ်မှတ်ပေးထားခြင်းဖြစ်သည်ဟု သိရသည်။

လစဉ် ဓာတ်အားသုံးစွဲယူနစ် ဖတ်ယူခြင်း၊ စာရင်းရေးသွင်းတွက်ချက်ခြင်း၊ ဓာတ်အားခတောင်းခံလွှာ ဖြန့်ဝေခြင်း၊ ဓာတ်အားခကောက်ခံခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်တို့အား လစဉ် အချိန်ဇယား ချမှတ်၍ နိုင်ငံတော်၏ ဝင်ငွေကို မှန်ကန်စွာ ရှာဖွေရေးအတွက် ဆောင်ရွက်လျက်ရှိပုံ၊ ဓာတ်အားခ နှုန်းထားများနှင့် စာဖတ်သူတို့အတွက် ဗဟုသုတဖြစ်စေရန် အာရှဒေသတွင်း နိုင်ငံများ၏ လက်ရှိဓာတ်အားခ နှုန်းထားများကို ဆက်လက်တင်ပြသွားမည် ဖြစ်ပါသည်။ ။

ဒီမိုကရေစီရရှိဖို့ မဲရုံသွား၍ မဲပေးစို့။

ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂၁ ရက်တွင် အင်္ဂပူမြို့နယ် ဇီးပင်ကွင်း အခြေခံပညာ မူလတန်းကျောင်း၌ အလျား ပေ ၆၀၊ အနံ ပေ ၃၀ ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံ ရပ်မိရပ်ဖများနှင့် ပြည်သူများအား နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်လျက်ရှိသည်များကို ရှင်းလင်းပြောကြား၍ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် စီစဉ်ပေးပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် ပျိုးကုန်း အခြေခံပညာ မူလတန်းကျောင်း၌ အလျား ပေ ၉၀၊ အနံ ပေ ၃၀ ရှိ ကျောင်းသစ် ဖွင့်လှစ်ပွဲကို တက်ရောက်အားပေးပြီး အမှာစကား ပြောကြားသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ်ရှိ အခြေခံပညာမူလတန်းကျောင်းများ၌ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့နယ် အင်းကောက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ညောင်ကျိုး အခြေခံပညာ အထက်တန်းကျောင်းများ၌ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများ၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဧပြီ ၂၂ ရက်တွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ ခန်းမ၌ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော သက်ကြီးပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးပြီး သက်ကြီးပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ အဘိုး၊ အဘွားများအား ကန်တော့ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် အင်္ဂပူမြို့နယ် အမှတ်(၃၁) သစ်စက်နံကသူစက်ရုံအတွင်း စက်လည်ပတ်မှုအဆင့်ဆင့်နှင့် ခွဲစိတ်ပြီး သစ်ခွဲသားများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် အင်္ဂပူမြို့နယ် ဇီးပင်ကွင်း အခြေခံပညာ မူလတန်းကျောင်းတွင် ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။

(သစ်တောရေးရာ)

အာရှဘောလုံး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဖလားဘောလုံးပွဲ ကမ္ဘောဇအသင်းက အက်ကာဗက်ကို အနိုင်ရ

ရန်ကုန် ဧပြီ ၂၄

၂၀၀၈ ခုနှစ် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား(AFC President's Cup)ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ)ပွဲစဉ်များကို ဧပြီ ၂၃ ရက်က သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ စတင်ကျင်းပရာ ပွဲဦးထွက် ပွဲစဉ်၌ မြန်မာနိုင်ငံမှ ကမ္ဘောဇ ဘောလုံးအသင်းက တာမင်နစ္စတန်နိုင်ငံမှ အက်ကာဗက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ကမ္ဘောဇဘောလုံးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို တိုက်စစ်မှူး ကျော်သီဟက ဒုတိယပိုင်းတွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဘောလုံးသမားဆုကို ကမ္ဘောဇ ဘောလုံးအသင်း အသင်းခေါင်းဆောင် နောက်တန်းလူ ဟန်ဝင်းအောင်က ရရှိခဲ့သည်။

ကမ္ဘောဇအသင်းသည် အုပ်စုဒုတိယပွဲစဉ်အဖြစ် သီရိလင်္ကာနိုင်ငံမှ ရတ်နမ် S.C အသင်းနှင့် ဧပြီ ၂၅ ရက် (ယနေ့) ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ (ကြေးမုံ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၈ ခုနှစ် ဧပြီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၄-၂၀၀၈)ရက်နေ့

၂၀၀၈ ခုနှစ် မေလအတွက်

(၁၁-၅-၂၀၀၈)ရက်နေ့

နှင့်

(၂၅-၅-၂၀၀၈)ရက်နေ့

ယာဉ်မတော်တဆမှုလျော့နည်းပပျောက်ရေး ရှောင်တခင်စစ်ဆေး

ရန်ကုန် ဧပြီ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်ရုံးမှ ခရိုင်ဦးစီးမှူး ဦးဆန်းယု (ဦးစီးအရာရှိ)နှင့် အဖွဲ့သည် ခရိုင်မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ ခရိုင်ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်း၍ မတ် ၉ ရက်က သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်း (ဆည်မြောင်းကုန်းထိပ်ရှေ့)ပေါ်တွင် သွားလာမောင်းနှင်လျက်ရှိသည့် ယာဉ်နှင့်ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များအား ယာဉ်ကြံ့ခိုင်မှု ရှိ/မရှိ၊ သတ်မှတ်လိုင်စင်ဖြင့် မောင်းနှင်ခြင်း ရှိ/မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ စနစ်တကျလိုက်နာ မောင်းနှင်ခြင်း ရှိ/မရှိ တို့ကို ရှောင်တခင်စစ်ဆေး၍ ပညာပေး အရေးယူဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ဘွဲ့တံဆိပ်တော်ရ ဆရာတော်အား ဂုဏ်ပူဇော်သဘင် ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၈)ဖြင့် သာသနာတော်ဆိုင်ရာ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း ဒဂုံမြို့နယ် ကျားကူးဓမ္မပီမာန်ကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တအရိယဝံသအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးပြီး တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကို ၁၃၇၀ ပြည့်နှစ် တန်ခူးလပြည့်ကျော် ၇ ရက် (၂၇-၄-၂၀၀၈) တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ကျားကူးဓမ္မပီမာန်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၃၈၇၇၄၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

FMI City (လှိုင်သာယာ)ရှိ FMI City ရိပ်သာကျောင်း အုတ်တံတိုင်းဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ရန်ကုန်မြို့နေ ကိုစိုးမင်းနိုင်-မဇာဇာသဲဦး၊ သား မောင်ဖွဲ့ဆက်နိုင်၊ မောင်မင်းနဒီယံ မိသားစုက လှူဒါန်းငွေကျပ်သိန်း ၃၀ ကို FMI City ရိပ်သာကျောင်းဆရာတော်၏ ကပ္ပိယကာရကထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၄-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဗုဒ္ဓါနုဿတိ ကိုယ်တိုင်ကျင့်သုံးရေး"တရားတော် (မဟာသဒ္ဓမ္မဇောတိကဓဇ မြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ)
၇း၃၀ - ၁း၃၀	Colorful System of River
၈း၂၀ - ၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅ - ၂း၂၅	Art Vision (Art Tree Art Exhibition)
၈း၅၀ - ၂း၅၀	စိတ်အားထက်သန်ဆန္ဒအမှန်
၉း၁၀ - ၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀ - ၃း၃၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၅၀ - ၃း၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅ - ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀ - ၄း၀၀	သီးနှံစိုက်ပျိုးအထွက်တိုး (ပြည်ပဝင်ငွေရစေရာ ဆေးဖက်ဝင်သစ်ခွစိုက်ပါ)
၁၀း၁၅ - ၄း၁၅	မိုးလေဝသခန့်မှန်းချက်
၁၀း၂၀ - ၄း၂၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၅၀ - ၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅ - ၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅ - ၅း၀၅	လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား
၁၁း၂၅ - ၅း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀ - ၅း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ - ၅း၃၅	ရှိတာကပိုကောင်းပါတယ်
၁၂း၁၅ - ၅း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀ - ၅း၂၀	တိုးပွားဆောင်ရွက်နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (ဘဲမွေးမြူရေး)
၁၂း၃၀ - ၆း၃၀	တေးဂီတအစီအစဉ်
၁၂း၃၅ - ၆း၃၅	VJ Choice
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ တောင်ဘက် စောင်းတန်း တည်ဆောက်ရေးအတွက် ကွယ်လွန်သူနှစ်ဖက် ဘိုးဘွားများနှင့် မိခင်ကြီး ဒေါ်သန်းကြည်အားရည်စူး၍ ဖခင်ကြီးဦးခင်ညွန့်၏ အသက်(၈၀)ပြည့်နှစ် မွေးနေ့အတွက် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းနေ သားသမီးမြေးတစ်စုတို့က အလှူငွေကျပ် ၁၀၀၀၀၀ လှူဒါန်းစဉ်။ (သတင်းစဉ်)

စုပေါင်းသွေးလှူ ဆေးပဒေသာပင်စိုက်ထူ

ရန်ကုန် ဧပြီ ၂၄

လသာမြို့နယ် သာသနာ့ဝေယျာဝစ္စအဖွဲ့ (၁၈)ကြိမ်မြောက် ဒုလ္လဘရဟန်းခံ ရှင်ပြုပွဲမှ ပထမအကြိမ် လသာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း ဦးဆောင်မှုဖြင့် ရန်ကုန်ဆေးရုံကြီး အမျိုးသားသွေးဌာနတွင် သံဃာတော်များနှင့် လူပုဂ္ဂိုလ်များ စုပေါင်း၍ ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)တွင် သွေးလှူဒါန်းကြပြီး ဇီဝိတဒါန သံဃာ့ဆေးရုံကြီးတွင် ဒုတိယအကြိမ်မြောက် ထာဝရဆေးပဒေသာပင် စိုက်ထူခြင်းများဖြင့် ကုသိုလ်ပြုကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

(၄၁)

နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၄-၂၀၀၈
(သောကြာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်၏ ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၈း၀၀ ၄။ ရွှေလောင်းတံတား
- ၈း၁၅ ၅။ အကပြိုင်ပွဲ
- ၈း၃၀ ၆။ International News
- ၉း၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မြန်မာစာ၊မြန်မာစကား
- ၄း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
- ၅း၀၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၃၀ ၅။ "နောက်မကျရအောင်" (မင်းသူ၊ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့်) (ဒါရိုက်တာ-ကြည်စိုး)
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၃၀ ၇။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၈။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇း၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့် ဆုံစည်းခြင်း" (အပိုင်း-၂၄)
- ၇း၅၀ ၁၀။ "စိတ်အားထက်သန် ဆန္ဒအမှန်"
- ၈း၀၀ ၁၁။ ပြည်တွင်းသတင်း
- ၁၂။ နိုင်ငံတကာသတင်းများ
- ၁၃။ မိုးလေဝသအခြေအနေ
- ၁၄။ "သပြေကုန်းရွာမှရွှေအပြုံးများ"
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝဆက်တိုင်း"(အပိုင်း-၁၇)
- ၁၆။ အစီအစဉ်ပြီး၏။

အသည်းကောင်းလို့ ပွဲတောင်းသူများ ပွဲစဉ်(၃) ရွှေဆိုင်းနှင့် ရန်ကြီးအောင်တို့ ယှဉ်ပြိုင် ထိုးသတ်မည်

မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်မှကြီးမှူး၍ Super ကွေကာ (SSL. Co., Ltd.)၏ အဓိကကူညီပံ့ပိုးမှုဖြင့် H & S Group မှ စိုင်းဇော်ဇော် (ဇော်ပစ်တိုင်းထောင်) စီစဉ်သော စူပါကွေကာ ထိတ်ထိတ်ကြဲ ချန်ပီယံစိန်ခေါ်ပွဲ အသည်းကောင်းလို့ ပွဲတောင်းသူများပွဲစဉ်-၃ ကို ဧပြီ ၂၇ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် အောင်ဆန်းကွင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပသွားမည်ဖြစ်ရာ ပထမတန်း ချန်ပီယံဘွဲ့ရ ရွှေဆိုင်း(မြိုင်ကြီးငူ) နှင့် မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ် ချန်ပီယံ ၂၀၀၇ ရန်ကြီးအောင် (မြို့တော်စည်ပင်)၊ ပြည်နယ်/တိုင်း ထပ်ဆင့်ရွှေတံဆိပ်ဆုရှင် ရွှေမင်းရာဇာ (နှစ်ရှည်ဥယျာဉ်ခြံ၊ မြိုင်ကြီးငူ)နှင့် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် ဖိုးကေ(မန္တလေး)တို့၏ ပွဲများအပါအဝင် ပွဲစဉ်ပေါင်း ၁၀ ပွဲ ပါဝင်မည်ဖြစ်သည်။

ရွှေဆိုင်းသည် ၂၀၀၄ ခုနှစ်က ပထမတန်းချန်ပီယံဘွဲ့ရ ဝမ်ချိုင်းအား အလဲထိုးခြင်းဖြင့် ချန်ပီယံဘွဲ့ကို လက်ပြောင်းရယူနိုင်ခဲ့သည်။ ထို့နောက် လုံးချောနှင့် လေးကြိမ်ရင်ဆိုင်ခဲ့သော ပွဲအပါအဝင် ရှုံးပွဲမရှိ စံချိန်တင်ထားခဲ့သည်။ သို့ရာတွင် ပြီးခဲ့သည့် တပေါင်းလပြည့်နေ့က လမိုင်းမြို့၌ ၎င်းထက် ဝိတ်တန်းငယ်သူ ဝင်းထွန်း(လယ်/ဆည်)ကို သရေကျခဲ့ပြီး ဇန်နဝါရီလကလည်း မွန်ပြည်နယ် နှစ်ကရင်ကျေးရွာတွင် သူရရဲအောင်(မြန်မာပြည်သား)ကို သရေပွဲသာထိုးသတ်နိုင်ခဲ့သည်။ ရှုံးပွဲမရှိသော်လည်း သရေပွဲ များနေခြင်းကြောင့် ယခုပွဲ၌ ရန်ကြီးအောင်အား အနိုင်ယူနိုင်ရန် အထူးပြင်ဆင်လေ့ကျင့်လျက်ရှိသည်။ ရွှေဆိုင်း၏ ညာဖြောင့် လက်သီးကဝါးထိုးဝါးကွဲ၊ ကျားထိုး ကျားလဲဟု ဆိုရလောက်အောင် ပြင်းထန်သည်။ လုံးချောနှင့် တတိယ အကြိမ် ရင်ဆိုင်ခဲ့ရသော MCCပွဲတွင် ထိုညာဖြောင့် လက်သီးက လုံးချောကို ပထမအချီ၌ပင် သတိလစ်သွားစေခဲ့ဖူးသည်။

ရန်ကြီးအောင်က ဖခင်ဖြစ်သူ ရိုးရာလက်ဝှေ့ကျော်ဟောင်း တိုင်းကျော်၊ ဦးမင်းဖြစ်သူ ရိုးရာလက်ဝှေ့ကျော် စောကျားသွေးတို့ထံမှ ပညာအမွေ ခံခဲ့သူဖြစ်၍ ထိုးလုံး သတ်ပေါက် စုံလင်သည်။ အထူးသဖြင့် ဒူးတိုက်ချက်များက တိကျပြင်းထန်သည်။နှစ်ကရင်ပွဲတွင် ရွှေဆိုင်းအား သရေထိုးသတ်နိုင်ခဲ့သူ ဝယ်လ်တာဝိတ်တန်း ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ သူရရဲအောင်(မြန်မာပြည်သား)ကို ပြီးခဲ့သည့် တပေါင်းလပြည့်က သံဖြူဇရပ်မြို့တွင် ဒူးတိုက်ချက်ဖြင့် တတိယအချီ၌ ပွဲသိမ်းအနိုင်ယူခဲ့သည်။ ပထမတန်းလက်ဝှေ့ကျော် အယ်ထီးကော်ကို သရေထိုးသတ်နိုင်ခဲ့ပြီး အလွတ်တန်း ထပ်ဆင့် ရွှေခါးပတ်ချန်ပီယံ လုံးချောအား နှစ်ကြိမ် ရင်ဆိုင်ထိုးသတ်ခဲ့ရာ ပထမအကြိမ်(မျှော်စင်ကျွန်း-၅)တွင် အနားတောင်းစေခဲ့ပြီး ဒုတိယအကြိမ် (မန္တလေး ပြည်ထောင်စုပွဲ)တွင် အမှတ်စဉ် အရေခံစေခဲ့သည်။ သို့ဖြစ်၍ ရန်ကြီးအောင်က လက်ရှိ ရိုးရာလက်ဝှေ့လောက၌ ထိုးသတ်ကြေး အမြင့်ဆုံးရယူနေသူ ရွှေဆိုင်းအား ပထမဆုံးအကြိမ် တွေ့ဆုံရင်ဆိုင်မည့် ယခုပွဲ၌ပင် အလဲထိုးအနိုင်ယူခြင်းဖြင့် ပထမတန်း ချန်ပီယံအဖြစ် တစ်ခေတ်ထူထောင်နိုင်ရေး မာန်သွေးကြွလျက်ရှိသည်။

သူတို့နှစ်ဦး၏ ပွဲနှင့်အတူ ပြည်နယ်/တိုင်း ရွှေတံဆိပ်ဆုရှင် ဖိုးကေ(မန္တလေး)နှင့် ပြည်နယ်/တိုင်း ထပ်ဆင့် ရွှေတံဆိပ်ဆုရှင် ရွှေမင်းရာဇာ (နှစ်ရှည်ဥယျာဉ်ခြံ၊ မြိုင်ကြီးငူ)တို့ပွဲလည်း ပါဝင်မည် ဖြစ်သည်။ ဖိုးကေသည် ၂၀၀၆ ခုနှစ်မှ ရိုးရာလက်ဝှေ့လောကသို့ စတင်ဝင်ရောက်ခဲ့သော်လည်း ပြိုင်ဘက်များကို စက္ကန့်ပိုင်းအတွင်း အလဲထိုးနိုင်သော ၎င်း၏ ဝိုက်လက်သီးတွဲကြောင့် ရိုးရာလက်ဝှေ့ပရိသတ်များက ဝါးရင်းတုတ်ဖိုးကေဟု အမည်ပေးထားရသူဖြစ်သည်။ ဒီဇင်ဘာလက သုဝဏ္ဏတွင် ဝါရင့်လက်ဝှေ့ကျော်

ရွှေဆိုင်း (မြိုင်ကြီးငူ)

ရန်ကြီးအောင် (မြို့တော်စည်ပင်)

ဇင်လင်းထွန်း (ဓနုဖြူ)

ရှမ်းသွေးလေး(ထိုစဉ်က သူရဲကောင်းကလပ်)အား ၄၈ စက္ကန့်ဖြင့် အလဲထိုးပြီး ဖေဖော်ဝါရီလက မန္တလေး အောင်မြေမန္တလာတွင် အာကာဟိန်း (အလင်းရောင်)ကို ၂၈ စက္ကန့်ဖြင့် အလဲထိုးခဲ့ကာ ပုဂံညောင်ဦးတွင် ရှုံးကြွေးရှိခဲ့သူ မိုက်ခဲကျောက်ပွင့် (မြန်မာပြည်သား)ကို မတ်လဆန်း သုဝဏ္ဏပွဲနှင့် မတ်လနှောင်းပိုင်း ကျောက်ဆည်ပွဲများ၌ ပထမအချီ နှစ်မိနစ်အတွင်း အလဲထိုးခဲ့သည်။

ပြိုင်ဘက်အား ဝါးရင်းတုတ်ဖြင့် ရိုက်သကဲ့သို့ ကြမ်းပြင်ပေါ် လှဲသိပ်တတ်သူ ဝါးရင်းတုတ် ဖိုးကေ၏ နိုင်ပွဲများကိုရိုက်ချိုးရပ်တန့်ပစ်မည်ဟု ကြုံးဝါးကာ ပွဲတောင်းလာသူက ကရင်ပြည်နယ် ကိုယ်စားပြု၍ ပြည်နယ်/တိုင်း ရွှေတံဆိပ်များကို ထပ်ဆင့် ဆွတ်ခူးခဲ့သည့် ရွှေမင်းရာဇာ (နှစ်ရှည်ဥယျာဉ်ခြံ၊မြိုင်ကြီးငူ) ဖြစ်သည်။ သူကလည်း အလဲထိုး၊ အကွဲထိုးပွဲများဖြင့် ပြိုင်ဘက်များကို ချောက်ချားစေခဲ့သူဖြစ်၍ ၎င်းတို့နှစ်ဦး ပေ ၂၀ ကြိုးဝိုင်းတွင် ရင်ဆိုင်တွေ့မည့်ပွဲက အသည်းငယ်သူ ပွဲလာမကြည့်ရဟုပင် ဆိုရပေလိမ့်မည်။

ဖိုးကေ (မန္တလေး)

ရွှေမင်းရာဇာ (နှစ်ရှည်ဥယျာဉ်ခြံ)

မှတ်သားဖွယ်ရာ မိုးရေချိန်များ (၂၄-၄-၂၀၀၈)

လှိုင်လင်	-	၁ ဒသမ ၀၆ လက်မ
ပုသိမ်	-	၀ ဒသမ ၉၁ လက်မ
မန္တလေး	-	၀ ဒသမ ၄၃ လက်မ

ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့ မန်ယူ၊ ချယ်လ်ဆီးတို့ အဝေးကွင်း၌ သရေကစား

လန်ဒန် ဧပြီ ၂၄

အိမ်ကွင်းမှာကံဆိုးတဲ့ လီဗာပူး

ယမန်နေ့က လီဗာပူးကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပထမအကျော့၌ လီဗာပူးနှင့် ချယ်လ်ဆီးအသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ အိမ်ရှင် လီဗာပူးတို့သည် ရှေ့တွင် တောရက်စ်ကို တင်ထားပြီး ဂျရက်၊ ဒ့ါကောက်နှင့် ဘာဘယ်တို့နှင့်ရံ၍ တိုက်စစ်ဆင် ကစားခဲ့သည်။ ဧည့်သည် ချယ်လ်ဆီးတို့မှာလည်း ဒရော့ဘာ၊ ဂျိုကိုးလ်နှင့် မာလူဒါတို့အတွဲကို ထုတ်သုံးပြီး လီဗာပူးကို ယှဉ်ကစားခဲ့သည်။ လီဗာပူးတို့ ပထမပိုင်းနှင့် ဒုတိယပိုင်းတစ်ဝက်လောက်အထိ ချယ်လ်ဆီးဘက်သို့ တောက်လျှောက် ဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များ အကြိမ်ကြိမ်ရရှိခဲ့သည်။ ပထမပိုင်း ၄၃ မိနစ်အရောက်တွင် ညာခြမ်းမှ ဒ့ါကောက်အပိုင်ကန်သွင်း၍ ပထမပိုင်းတွင် အိမ်ရှင်တို့ဦးဆောင်ဂိုးရရှိခဲ့သည်။ အိမ်ရှင်လီဗာပူးအတွက် ကံဆိုးပြီး ဧည့်သည် ချယ်လ်ဆီးတို့အတွက် ကံကြမ္မာက လက်ဆောင်ပေးသည့် ဂိုးကို ပွဲသိမ်းခရာမှုတ်မည့် နောက်ဆုံးစက္ကန့်တွင် ဘယ်ခြမ်းမှ ကာလူး ဂိုးရှေ့ဖြတ်အတင် လီဗာပူးနောက်ခံလူ ရီဆားခေါင်းတိုက်ဖျက်ထုတ်ရာမှ ဂိုးအပေါ်ထောင့်သို့ တန်းတန်းမတ်မတ် ဝင်သွားသဖြင့် ပွဲအပြီးမှာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ ချယ်လ်ဆီးတို့ အဝေးကွင်းတွင် တစ်ဂိုးရထားခြင်းကြောင့် ဖိုင်နယ်တက်ရန် အခြေအနေကောင်းသွားပြီး လီဗာပူးတို့မှာတော့ ဖိုင်နယ်တက်ရေး အဝေးကွင်းတွင် ရုန်းကန်ရဦးမည်ဖြစ်သည်။

တိုက်စစ်နှင့်ခံစစ်အားပြိုင်သည့်ပွဲ

နျူးကမ့်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် ဘာစီလိုနာနှင့် မန်ယူတို့ပွဲ တိုက်စစ်နှင့် ခံစစ်အားပြိုင်သည့် ပွဲတစ်ပွဲဖြစ်ခဲ့သည်။ ယနေ့ပွဲတွင် အိမ်ရှင်ဘာစီလိုနာတို့ ဘောလုံးပိုင်ဆိုင်မှု ၆၄ ရာခိုင်နှုန်းထိ ပိုင်ဆိုင်ပြီး မန်ယူဘက်သို့ တစ်ဖက်သတ် ဖိကစားခဲ့သည်။ ပွဲအစ နှစ်မိနစ်တွင် မန်ယူမှ ရော်နယ်ဒိုပယ်နယ်တီကန်သွင်းခွင့်ရသော်လည်း ဘာတန်းထိပြီး လွဲချော်သွားခဲ့ခြင်းကြောင့် မန်ယူတို့အခွင့်အရေး တစ်ရပ်ဆုံးရှုံးခဲ့ရ သည်။ ဒုတိယပိုင်းတွင် အိမ်ရှင်ဘာစီလိုနာ အိမ်ကွင်း၌အနိုင်ရရှိရေးအတွက် မက်ဆီနှင့် ဒေကိုအစား ဟင်နရီနှင့် ဘိုဂျန်ကာကစ်တို့ကိုထည့်သွင်းပြီး မန်ယူ ဂိုးပေါက်ကို ထပ်မံဖိကစားခဲ့သည်။ သို့သော် မန်ယူ၏ နောက်တန်းနှင့် ဂိုးသမား ဗန်ဒါဆားလက်စွမ်းပြကာကွယ်မှုများကြောင့် ဂိုးမရှိသရေဖြင့်သာ ပွဲသိမ်းခဲ့သည်။ အဝေးကွင်းတွင် သရေကစားနိုင်ခဲ့ခြင်းကြောင့် မန်ယူတို့အတွက် အားသာချက်တစ်ရပ် ရရှိသွားပြီဟု ဆိုရမည်ဖြစ်သည်။

ထူးခြားသည့် နေ့အပူချိန်များ (၂၄-၄-၂၀၀၈)

မင်းဘူး
၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒီဂရီဖာရင်ဟိုက်)

နေပြည်တော်၊ မြင်းခြံ၊ ချောက်၊ မကွေးနှင့် အောင်လံ
၄၂ ဒီဂရီစင်တီဂရိတ်စီ (၁၀၇ ဒီဂရီဖာရင်ဟိုက်စီ)

ရန်ကုန်
၃၆ ဒီဂရီစင်တီဂရိတ် (၉၆ ဒီဂရီဖာရင်ဟိုက်)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဧပြီ ၂၄

ဗိုလ်ချုပ်ကက်စိန် (ငြိမ်း)သည် ကစားဖော်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး သိန်းဝင်း(ငြိမ်း)၊ ဗိုလ်ချုပ်မြင့်ဆွေ(ငြိမ်း)၊ ဗိုလ်ချုပ်စိန်ဝင်း (ငြိမ်း)တို့နှင့်အတူ မြို့တော် ဂေါက်ကွင်း (ငွေသော်တာကွင်း)၌ ဧပြီ ၂၁ ရက် နံနက်ပိုင်းတွင် ဂေါက်သီးရိုက်ကစားကြစဉ် EV OO ဘောလုံးကို KATANA No.(6) တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက် ၁၅၀ အကွာအဝေးရှိ ကျင်းအမှတ် (၁၂)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရပ်နယ်ပယ်မျိုးစုံ ပူးပေါင်းဆောင်ရွက်ရေး ချီလီနှင့်အိန္ဒိယ သဘောတူစာချုပ်ချုပ်ဆို

စင်တီယာဂို ဧပြီ ၂၃

ချီလီနှင့်အိန္ဒိယနိုင်ငံတို့သည် ပညာရပ်နယ်ပယ်မျိုးစုံနှစ်ဦးနှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို ဧပြီ ၂၁ ရက်၌ လက်မှတ်ရေးထိုးခဲ့ကြောင်း ပြည်တွင်း မီဒီယာများတွင် ရေးသားဖော်ပြသည်။

အလည်အပတ်ရောက်ရှိလာသည့် အိန္ဒိယသမ္မတပါရာတီဘာ ဒီဗီဆင်းချ် ပါတယ်လ်သည်ချီလီသမ္မတမီချယ်လီ ဘာလီလက်နှင့်တွေ့ဆုံပြီးနောက်လာမိုနီဒါအစိုးရ ဧည့်ဂေဟာ၌ သဘောတူစာချုပ်ချုပ်ဆိုခဲ့ကြသည်။

ယင်းသဘောတူညီချက်အရဝန်ထမ်းများ သင်တန်းပေးခြင်း အပါအဝင်ကျွမ်းကျင်ပညာရှင်များ ဖလှယ်ခြင်းနှင့်စေလွှတ်ခြင်း၊ သိပ္ပံနှင့်နည်းပညာနယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံ သဘောတူညီခဲ့ကြသည်။ ၎င်းအပြင် သိပ္ပံပညာပူးပေါင်းဆောင်ရွက်မှုအပါအဝင်အားကစားနှင့်ဆက်သွယ်ရေးပညာရပ်နယ်ပယ်ချောမွေ့လွယ်ကူစေရန် လေကြောင်းလုပ်ငန်း ပူးပေါင်းဆောင်ရွက်ခြင်းများလည်း ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

သီရိလင်္ကာနိုင်ငံ ဂျက်ဖနာဒေသတွင် လုံခြုံရေးဆောင်ရွက်နေသော သီရိလင်္ကာတပ်ဖွဲ့ဝင်များကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘက်တီးရီးယားပိုးကြောင့် ခံတွင်းနံ့နံ

ဒါးလပ်စ် ဧပြီ ၂၃

ခံတွင်းနံ့နံခြင်းသည် ဆိုလိုဘက်တီရီယမ်မူရေးဟုခေါ်သည့် ဘက်တီးရီးယားပိုးကြောင့် အဓိကဖြစ်ကြောင်းဒါးလပ်စ်မြို့၌ကျင်းပသည့်အမေရိကန်သွားသုတေသနအဖွဲ့ နှစ်ပတ်လည်အစည်းအဝေး၌ ဇီဝဗေဒ ပညာရှင်များက ပြောကြားသွားသည်။ ပါးစပ်အတွင်းရှိ ဘက်တီးရီးယားပိုးများ ပြိုကွဲရာမှ ထွက်ရှိလာသည့် ဆာလ်ဖာဒြပ်ပေါင်းများကြောင့်ခံတွင်းနံ့နံခြင်းဖြစ်သည်။ လျှာပေါ်ရှိ ဘက်တီးရီးယားများသည် အနံ့ဆိုးဝါးသော ဒြပ်ပေါင်းများနှင့် ဖက်တီးအက်စစ်များ ထုတ်ပေးသည်။ ထို့ကြောင့် ခံတွင်းနံ့နံခြင်း၏ ၈၀၊ ၉၀ ရာခိုင်နှုန်းမှာ ယင်းဘက်တီးရီးယားပိုးများကြောင့်ဖြစ်ပြီး အချို့မှာ အဆုတ်နှင့်အသက်ရှူ လမ်းကြောင်းမှ အနံ့ထွက်ခြင်း ဖြစ်သည်ဟုဆိုသည်။

ခံတွင်းနံ့အမြဲနံသည့် လူ ၂၁ ဦးနှင့် ခံတွင်းနံ့မရှိသည့် လူ၃၆ ဦးကို လေ့လာကြည့်ရာတွင် ခံတွင်းနံ့အမြဲနံသည့် လူတိုင်းတွင် ဆိုလိုဘက်တီရီယမ်မူရေး ပိုးမွှားရှိကြောင်းတွေ့ရသည်။ သွားဖုံးရောဂါကြောင့်လည်း ခံတွင်းနံ့အမြဲနံနိုင်သည်။ အဆိုပါ အစမ်းသပ်ခံလူများအနက် လေးဦးမှာ ဆိုလိုဘက်တီရီယမ်မူရေး ပိုးမွှားမရှိသော်လည်း သွားဖုံးရောဂါကြောင့် ခံတွင်းနံ့နံသည်ကို တွေ့ရှိရသည်။ ခံတွင်းနံ့နံစေသည့် ယင်းဘက်တီးရီးယားပိုးမွှားအကြောင်းကို ပိုမိုလေ့လာ သိရှိလာသည့်အခါတွင် ခံတွင်းနံ့နံခြင်းကို ပျောက်ကင်းစေနိုင်သည့် ကုထုံးများကို ဖော်ထုတ်နိုင်မည်ဖြစ်သည်။ တစ်နေ့နှစ်ကြိမ်သွားတိုက်ခြင်း၊ ဘက်တီးရီးယားပိုးများကို တိုက်ဖျက်နိုင်သည့် သွားတိုက်ဆေးသုံးခြင်း၊ လျှာခြစ်ပါသည့် သွားတိုက်တံကို သုံးခြင်းဖြင့်လည်း ခံတွင်းနံ့နံခြင်းကို သက်သာစေနိုင်သည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဗီယက်နမ်ထုတ် ကြက်ငှက်တုပ်ကွေးကာကွယ်ဆေး စေတနာ့ဝန်ထမ်းများ စမ်းသပ်သုံးစွဲလျက်ရှိ

ဟန်နွိုင်း ဧပြီ ၂၃

ဗီယက်နမ်နိုင်ငံတွင်ပြည်တွင်းထုတ် H5N1 ဗိုင်းရပ်စ်ကာကွယ်ဆေးကို ပထမဆုံး စေတနာ့ဝန်ထမ်း ၃၀ ကို စတင်စမ်းသပ် သုံးစွဲလျက်ရှိကြောင်း ဒေသဆိုင်ရာ ဗီယက်နမ်သတင်းစာက ဧပြီ၂၁ရက်တွင်ရေးသားဖော်ပြသည်။

စတင်

H5N1 ဗိုင်းရပ်စ်ကာကွယ်ဆေး စမ်းသပ်ခံမည့် ကျန်းမာရေး စေတနာ့ဝန်ထမ်းများသည် ၁၈ နှစ်မှ ၄၅ နှစ်အသက်အရွယ်ရှိသူများဖြစ်ပြီး လွန်ခဲ့သည့် ရက်သတ္တပတ်ကုန်မှစ၍ စမ်းသပ်မှုကို စတင်ခဲ့သည်။ ၎င်းတို့သည် မြို့တော် ဟန်နွိုင်းအခြေစိုက် စစ်ဘက်ဆိုင်ရာဆေးတပ်မှကျောင်းသားများနှင့်ဝန်ထမ်းများသည် မျောက်၏ ကျောက်ကပ်ဆဲလ်များမှထုတ်လုပ်ထားသည့် ထိုကာကွယ်ဆေးဝါးကို အမျိုးသား ကျန်းမာရေးသန့်ရှင်းရေးနှင့် ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာနအောက်ရှိ အမှတ်-၁ ကာကွယ်ဆေးနှင့် ဇီဝနည်းပညာ ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်ခဲ့သည်။ အဆိုပါဆေးကို လေးနှစ်ကြာ သုတေသနပြုခဲ့ပြီးဖြစ်သည်။

မျှော်မှန်းထား

ဗီယက်နမ်နိုင်ငံထုတ် H5N1 ဗိုင်းရပ်စ်ကာကွယ်ဆေးစမ်းသပ်မှု အောင်မြင်ခဲ့လျှင်ဇွန်လတွင်ထပ်မံ၍ကျောင်းသားနှင့်ဝန်ထမ်း ၂၄၀ကို ဒုတိယအကြိမ်စမ်းသပ်မှု ပြုလုပ်သွားမည်ဖြစ်သည်။ သတ်မှတ်ထားသည့် အစီအစဉ်အတိုင်း စေတနာ့ဝန်ထမ်းများအား စမ်းသပ်မှုများအောင်မြင်ခဲ့လျှင် ဗီယက်နမ်နိုင်ငံသည်၂၀၀၉ခုနှစ်တွင် H5N1 ဗိုင်းရပ်စ်ကာကွယ်ဆေးကို ထုတ်လုပ်နိုင်မည်ဟုမျှော်မှန်းထားသည်။ ထိုဆေးတစ်လုံးတန်ဖိုးသည် အမေရိကန် နှစ်ဒေါ်လာ တန်ဖိုးရှိသည်။

H_5N_1 ဗိုင်းရပ်စ်ကာကွယ်ဆေး ထုတ်လုပ်သည့် စီမံချက်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသူ ဒေသဆိုင်ရာ သုတေသနပညာရှင်၁၀ဦးသည်အဆိုပါဆေးကိုကနဦးစမ်းသပ်မှုခံခဲ့ရာစမ်းသပ်မှု အောင်မြင်ခဲ့သည်ဟု သတင်းစာ၌ ဖော်ပြထားသည်။ ယခုအချိန်တွင် စေတနာ့ဝန်ထမ်းများ အားလုံးသည် ကျန်းမာလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ

ဆိုက်ပရပ်စ်တွင် မိုးခေါင်ရေရှားမှုဖြစ်ပွား ဂရိနိုင်ငံမှ ရေများတင်သွင်းမည်

နီကိုးရှား ဧပြီ ၂၃

အရှေ့မြေထဲပင်လယ်ဒေသဖြစ်သော ဆိုက်ပရပ်စ်နိုင်ငံတွင် မိုးခေါင်ရေရှားပြဿနာနှင့်ရင်ဆိုင်ကြုံတွေ့နေရသောကြောင့် ဂရိနိုင်ငံမှ ရေကုဗမီတာ ရှစ်သန်းခန့် တင်သွင်းရလိမ့်မည်ဟု လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး မိုက်ကယ်လစ်ပိုလီနစ်ကီစ်က ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။

မိုးခေါင်မှုကြောင့် ရေရှားသော ပြဿနာ လျော့ပါးစေနိုင်ရန်အတွက် ဇွန်လမှနိုဝင်ဘာလအထိ ဆိုက်ပရပ်စ်နိုင်ငံသို့ ဂရိနိုင်ငံမှ ရေများကို ကတို့သင်္ဘောများဖြင့်သယ်ယူနိုင်ရန်အစိုးရဘက်မှ လက်မှတ်ရေးထိုး လိုက်ပြီဖြစ်ကြောင်း သိရသည်။

မိုးခေါင်ရေရှားမှုကြောင့် ရေရှားပါးမှု ပြဿနာကို ဖြေရှင်းနိုင်ရန်အတွက်လည်း ထည့်သွင်းစဉ်းစားခဲ့သည်။ ထို့ပြင် ပင်လယ်ဆားငန်ရေများကို ရေချိုချက်လုပ်နိုင်သည့် စက်ရုံများကို တည်ဆောက်ရန်အတွက်လည်း ထည့်သွင်း စဉ်းစားခဲ့ကြောင်း ဝန်ကြီးက ထပ်မံပြောကြားသည်။

ကြုံတွေ့နေရ

ဆိုက်ပရပ်စ်နိုင်ငံသည် လွန်ခဲ့သောလေးနှစ်ခန့်ကတည်းက မိုးနည်းခြင်းနှင့်ရာသီဥတုပူပြင်းသောကြောင့် မိုးခေါင်ရေရှားပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။ ဆည်မြောင်းဝန်ကြီးဌာန၏ စာရင်းအင်းများအရ ဆည်များအတွင်း၌ ရေကုဗမီတာ ၂၆ ဒသမ၈သန်းရှိပြီး စုစုပေါင်းသိုလှောင်နိုင်အား၏ ၉ဒသမ၈ ရာခိုင်နှုန်းသာရှိကြောင်း သိရှိရသည်။

လျှော့ကျ

လယ်ယာစိုက်ပျိုးမြေများသို့ရေပေးဝေမှုနှုန်းမှာလည်း လျော့ကျသွားခဲ့ပြီး မတ်လနောက်ပိုင်းမှ စတင်၍ မြို့များ အတွင်းသို့ ပေးဝေမှုနှုန်းကို ၃၀ ရာခိုင်နှုန်း လျှော့ချမည်ဟု သိရသည်။ ယခုအခါတွင် နေအိမ်များသို့ ရေပေးဝေမှုမှာ နှစ်ရက်တစ်ကြိမ်သာ ပေးဝေနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဩစတြေးလျနိုင်ငံ ကွင်းစလန်ပြည်နယ် ဘာရာလာဘာမြို့ရှိ ဆေးရုံတစ်ရုံတွင် အဆိပ်ပြင်းသော ပင့်ကူမျိုးများ ဝင်ရောက်လာသဖြင့် လူနာနှင့်ဆေးဝန်ထမ်းများအားလုံးကို ဧပြီ ၂၄ရက်ကဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဒေသခံ မီဒီယာသတင်းများက ဖော်ပြသည်။ (ပုံတွင် အဆိုပါပင့်ကူတစ်ကောင်ကို တွေ့ရစဉ်။) *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယ၌ ချောက်အတွင်းဘတ်စ်ကားထိုးကျ၊ ၁၄ ဦးသေဆုံး

ဂျမ္မူး(အိန္ဒိယ) ဧပြီ ၂၃

အိန္ဒိယ ကက်ရှ်မီးယားဒေသတွင် ဧပြီ ၂၁ ရက်က ဘတ်စ်ကားတစ်စီးသည် တောင်တက်လမ်းမှ ချော်ပြီးချောက်အတွင်း ထိုးကျခဲ့ရာ ၁၄ ဦးထက်မနည်းသေဆုံးပြီး ၂၇ ဦး ဒဏ်ရာရရှိသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ကက်ရှ်မီးယားဒေသရှရီနဂါမြို့သို့ မောင်းနှင်လာသည့် ဘတ်စ်ကားသည် ဂျမ္မူးမြို့အရှေ့ကီလိုမီတာ ၁၈၀ အကွာ ဘာနီဟယ်လ်ဒေသအနီး၌ ကားကို မထိန်းချုပ်နိုင်ဘဲ လမ်းကျဉ်းအတွင်း ထိုးကျခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ ထိုကားပေါ်၌ လိုက်ပါလာသူ ၄၅ ဦးရှိသည်။

အခင်းဖြစ်ပွားမှု အကြောင်းရင်းကို ယခုအချိန်အထိ မသိရှိသေးကြောင်း၊ စုံစမ်းမှုပြုလုပ်ရန် အမိန့်ထုတ်ထားကြောင်း ရဲတပ်ဖွဲ့အရာရှိ အေကေ ဆာဟူက ဧပြီ ၂၁ ရက်တွင် ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဩစတြေးလျနိုင်ငံ ကင်ဘာရာမြို့တွင် အိုလံပစ်မီးရှူးတိုင် လက်ဆင့်ကမ်းသယ်ဆောင်ရန်အတွက် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၄ ရက်က ကျင်းပရာ မီးထွန်းညှိနေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စားနပ်ရိက္ခာဈေးနှုန်းကြီးမြင့်မှုက ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲသူ ဆင်းရဲသားများကို အစုလိုက်အပြုံလိုက်သတ်ဖြတ်နေဟု ဗင်နီဇွဲလားသမ္မတ ဝေဖန်ပြောကြား

ကရာကတ်စ် ဇွန် ၂၄

အလွန်မြင့်မားလာသည့် စားနပ်ရိက္ခာဈေးနှုန်းများက ကမ္ဘာတစ်ဝန်းရှိ ဆင်းရဲသူဆင်းရဲသားတို့အား အစုလိုက်အပြုံလိုက်သတ်ဖြတ်နေပြီး ကမ္ဘာတစ်ဝန်းတွင် အာဟာရအကျပ်အတည်းဆိုက်ရောက်စေရန် ဖန်တီးနေကြောင်း၊ ယင်းအချက်က ကမ္ဘာတစ်ဝန်းတွင် အရင်းရှင်စနစ်ကျဆုံးသည့် လက္ခဏာကို ဖော်ညွှန်းနေခြင်းဖြစ်ကြောင်း ဗင်နီဇွဲလား သမ္မတဟူဂိုချာဗက်ဇ်က ပြောကြားသည်။

ဝေဖန်ပြောကြားမှုပေါ်ထွက်

စားနပ်ရိက္ခာဈေးနှုန်း ကြီးမားမှုသည် ကမ္ဘာတစ်ဝန်းရှိ လူသန်း ၁၀၀ကျော်အား ဆင်းရဲတွင်းနက်စေအောင် ခြိမ်းခြောက်နေသည့် တိတ်တဆိတ် ဆူနာမီဟု ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က ပြောကြားပြီးနောက် ဟူဂိုချာဗက်ဇ်၏ ဝေဖန်ပြောကြားမှု ပေါ်ထွက်လာခြင်းဖြစ်သည်။

မြင့်မားနေ

ဖော်ပြပါပြဿနာသည် စားနပ်ရိက္ခာထုတ်လုပ်မှုပြဿနာမဟုတ်ကြောင်း၊ ယင်းပြဿနာသည် ကမ္ဘာကြီး၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးပုံစံများသာဖြစ်ကြောင်း၊ အရင်းရှင်စနစ်ပုံစံသည် ယင်းအကျပ်အတည်းအတွင်း ပါဝင်နေကြောင်း ချာဗက်ဇ်ကပြောကြားသည်။ အမေရိကန်က ဇီဝလောင်စာတိုးမြှင့်အသုံးပြုနေခြင်းကြောင့် အဓိကသီးနှံဈေးနှုန်းများ မြင့်မားနေရကြောင်း ကျူးဘားဒုတိယသမ္မတ ကာလို့စ်လေ့က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဆိုမာလီယာတပ်ဖွဲ့ဝင်များက ဒူဘိုင်းသင်္ဘောကို စီးနင်းတိုက်ခိုက်ပြီး ပင်လယ်ဓားပြခုနစ်ဦးအားဖမ်းဆီး

ဘိုဆက်ဆို(ဆိုမာလီယာ) ဇွန် ၂၄

ဆိုမာလီယာ တပ်ဖွဲ့ဝင်များက ဆိုမာလီယာကမ်းလွန် တစ်နေရာတွင် သင်္ဘောအပိုင်စီးခံရသည့်ဒူဘိုင်း အလံတင်ထားသော သင်္ဘောတစ်စင်းကို စီးနင်းတိုက်ခိုက်ပြီး ယင်းသင်္ဘောမှ သင်္ဘောသားများကို လွတ်ပေးပြီး ပင်လယ်ဓားပြခုနစ်ဦးအား ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

မိမိတို့ တပ်ဖွဲ့ဝင်များက အယ်လ်-ခါလိသင်္ဘောပေါ်သို့ တက်ရောက်စီးနင်းခဲ့ပြီး ပင်လယ်ဓားပြများနှင့် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း ဘိုဆက်ဆိုဆိပ်ကမ်းမြို့တော်ဝန်ဖြစ်သူ အက်ဒီရီဇက်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အယ်လ်-ခါလိသင်္ဘောသည် ဆိုမာလီယာတွင် ရောင်းချရန် စားနပ်ရိက္ခာနှင့်မော်တော်ယာဉ်သစ်များတင်ဆောင်လာရာဘိုဆက်ဆိုကမ်းလွန်တစ်နေရာ အေဒင်ပင်လယ်ကွေ့မှ လေးမိုင်ခန့်တွင် ပင်လယ်ဓားပြများ၏ စီးနင်းမှုခံခဲ့ရခြင်းဖြစ်သည်။

အယ်လ်-ခါလိသင်္ဘောကို ဘိုဆက်ဆိုဆိပ်ကမ်းမြို့သို့ သယ်ဆောင်ကာ စောင့်ကြပ်လျက်ရှိပြီး အာရှသင်္ဘောသား ၁၆ ဦး ဘေးမသီရန်မခ လိုက်ပါလာခဲ့ကြသည်ဟု သိရသည်။

အမ်အင်အေ၊ ရိုက်တာ။

အာဖရိကဦးချိုဒေသကမ်းလွန်တွင် ပင်လယ်ဓားပြများ အပိုင်စီးသွားသည့် ဒူဘိုင်းသင်္ဘောကို ဆိုမာလီယာ တပ်ဖွဲ့များက ကယ်တင်ခဲ့ပြီးနောက် ဆိပ်ကမ်း၌ဆိုက်ကပ်ထားသည်ကို ဇွန် ၂၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များအား အယ်လ်ခိုင်ဒါ ပြန်လည်တိုက်ခိုက်မည်

လန်ဒန် ဇွန် ၂၃

အမေရိကန်တပ်ဖွဲ့များကို လာမည့်လတွင် တစ်ဖန်ပြန်လည်တိုက်ခိုက်မှုများ ပြုလုပ်ရန် အီရတ်နိုင်ငံရှိ အယ်လ်ခိုင်ဒါ ခေါင်းဆောင်၏တိုက်တွန်းချက်ကို အမေရိကန်အခြေစိုက် အကြမ်းဖက်စောင့်ကြည့်ရေး အက်စ်အိုင်တီအီးဌာနက ဇွန် ၁၉ရက်တွင် ပြောကြားသည်။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်၄၀၀၀သေဆုံးကြောင်း မကြာမီကထုတ်ပြန်ကြေညာခဲ့သည်။ အမေရိကန်တို့ သေဆုံးမှု အခမ်းအနားပွဲပြုလုပ်ရန် ဆွန်နီအစ္စလာမ့်စ် စစ်သွေးကြွအဖွဲ့ကို အယ်လ်ခိုင်ဒါခေါင်းဆောင် အဘူဟမ်ဇာအလ်မူဟာဂျာက ပြောကြားသည့်တိပ်ခွေတွင် အမေရိကန်တို့အား တိုက်ခိုက်မှု ပြန်လည်ပြုလုပ်ရန် တိုက်တွန်းထားသည်။

ထိုအဖြစ်အတွက် အောင်ပွဲကျင်းပရမည်ဖြစ်ကြောင်းနှင့် ရှုံးနိမ့်နေသောဘုရှ်အား မိမိတို့နှင့်အတူ အခမ်းအနားတွင် ပါဝင်ဆင်နွှဲစေလိုကြောင်း ၎င်းက တိပ်ခွေ၌ပြောကြားခဲ့သည်။

အီရတ်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ ကျူးကျော်ချိန်ကတည်းကစ၍ ယခုအချိန်အထိ အီရတ်၌ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၄၀၀၀ရှိပြီဟု ထုတ်ပြန်လိုက်ချိန်က အမေရိကန်သမ္မတဘုရှ်သည် သေဆုံးသူများအတွက် ဝမ်းနည်းရကြောင်း ပြောကြားခဲ့သည်။

အယ်လ်ခိုင်ဒါဗုံးဖောက်ခွဲရေးသမားများသည်ကားဗုံးနှင့် အသေခံဖောက်ခွဲမှုများအကောင်အထည်ဖော်ရန်ဘဂ္ဂဒက်မြို့သို့ အလစ်ဝင်ရောက်လျက်ရှိသည်ဟုအမေရိကန်တပ်ဖွဲ့က ဇွန် ၁၈ရက်တွင် ပြောကြားသည်။ **အမ်အင်အေ၊ ရိုက်တာ။**

ရေနံဈေးနှုန်းမြင့်တက်မှုအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း နိုင်ငံတကာစွမ်းအင် အစည်းအဝေးက ထုတ်ဖော်ပြောကြား

ရောမ ဇွန် ၂၄

နိုင်ငံတကာစွမ်းအင် ဖိုရမ်အစည်းအဝေး(အိုင်အီးအက်ဖ်)သို့ တက်ရောက်နေသည့် ကိုယ်စားလှယ်များက လက်ငင်းအားဖြင့် ရေနံဈေးနှုန်းကြီးမြင့်မှုအပေါ် စိုးရိမ်မကင်းဖြစ်မိကြောင်း အင်္ဂါနေ့က ထုတ်ဖော်ပြောကြားပြီး လက်ရှိအခြေအနေကို ကျော်လွှားရန်အတွက် ရေနံထုတ်လုပ်မှုနှင့်သုံးစွဲသူအကြား ဆွေးနွေးမှုပြုလုပ်ရန် တိုက်တွန်းနှိုးဆော်လိုက်သည်။

ဆွေးနွေး

ကမ္ဘာတစ်ဝန်း စီးပွားရေးကြီးထွားမှုအာမခံချက်ရှိစေရန်အတွက် ရေနံထုတ်လုပ်သည့်နိုင်ငံနှင့်ရေနံသုံးစွဲသည့် နိုင်ငံများလက်ခံနိုင်သည့် အဆင့်ရောက်ရှိစေရန် ရေနံဈေးနှုန်းကို ထိန်းသိမ်းထားသင့်ကြောင်း အဆိုပါဖိုရမ်အစည်းအဝေးတွင် ဆွေးနွေးကြသည်။ (၁၁) ကြိမ်မြောက် အိုင်အီးအက်ဖ်အစည်းအဝေးကို ရောမမြို့၌ နှစ်ရက်ကြာကျင်းပခဲ့ပြီး ရေနံထုတ်လုပ်ရောင်းချသည့် နိုင်ငံ (အိုပက်)မှ ရေနံဝန်ကြီးများ၊ အခြားရေနံကြွယ်ဝသည့် နိုင်ငံများမှ ရေနံဝန်ကြီးများနှင့်ကမ္ဘာတစ်ဝန်းရှိရေနံအထင်ကရ ကုမ္ပဏီကြီးများမှ ခေါင်းဆောင်များ ယင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ရေနံထုတ်လုပ်သူများနှင့်အသုံးပြုသူများအနေဖြင့် ရေနံဈေးနှုန်းမြင့်မားမှု အန္တရာယ်အပေါ် စုပေါင်းဖြေရှင်းရန်၊ ရေနံဖူလုံမှုရရှိစေရန် ဖြည့်ဆည်းမှု နှင့် စွမ်းအင်စဉ်ဆက်မပြတ်ဖွံ့ဖြိုးစေရန် ဆွေးနွေးပွဲပြုလုပ်ရေးအတွက် အဆိုပါအစည်းအဝေးက ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

မလေးရှားတပ်ဖွဲ့ဝင်များ ဖိလစ်ပိုင်မှရုပ်သိမ်းရန် တရားဝင်ကြေညာချက်မရသေးဟု ဖိလစ်ပိုင်ကပြောကြား

မနီလာ ဇွန် ၂၄

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာအိုဒေသတွင် ဖြန့်ကြက်ထားသည့် ငြိမ်းချမ်းရေး စောင့်ကြည့်လေ့လာရေး တပ်ဖွဲ့ရုပ်သိမ်းရေးနှင့် ပတ်သက်၍ မလေးရှား အစိုးရထံမှ ထုတ်ပြန်ကြေညာချက် မရရှိသေးဟု ဖိလစ်ပိုင် အစိုးရက ပြောကြားကြောင်းသတင်းများ အရသိရှိရသည်။

မျှော်လင့်

ဖိလစ်ပိုင်အစိုးရက မလေးရှားအစိုးရ၏ ဆုံးဖြတ်ချက်ကို လေးစားမည်ဖြစ်ကြောင်း၊ သို့ရာတွင် ဖော်ပြပါသတင်းများမှန်ကန်ခဲ့ပါက မလေးရှားအစိုးရက ဆုံးဖြတ်ချက်ကိုပြန်လည်စဉ်းစားမည်ဟု မျှော်လင့်ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးရာဌာနမှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ရေဖယ်ဆီကွစ်က ပြောကြားသည်။

ယင်းပြဿနာနှင့် ပတ်သက်၍ မလေးရှား အစိုးရထံမှ တရားဝင်ဆက်သွယ်မှု မရရှိသေးကြောင်း၊ မလေးရှား စောင့်ကြည့်လေ့လာရေး တပ်ဖွဲ့ဝင် အချို့ရုပ်သိမ်းမည့် တရားဝင် ကြေညာချက် မရသေးမီအထိ ယင်းပြဿနာအပေါ် ဝေဖန်ပြောကြားလိုစိတ်မရှိကြောင်း ဆီကွစ်က သတင်းထောက်များသို့ ပြောကြားသည်။

ပြောကြား

မိမိ ကွာလာလမ်ပူမြို့သို့ သွားရောက်ခဲ့ရာ မလေးရှားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည့်ကြေညာချက်နှင့် ပတ်သက်၍ တာဝန်ရှိပုဂ္ဂိုလ်များက ထုတ်ပြန်ပေးမှုမရှိဟု ဖိလစ်ပိုင်သမ္မတ၏ ငြိမ်းချမ်းရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဂျီဆပ်ဒူရီဇာက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဘဟားမားကျွန်း ကမ်းလွန်ဒေသတွင် ကယ်ဆယ်ရေးသင်္ဘောသားများက အလောင်း ၂၀တွေ့ရှိ

အတ္တလန္တာ ဇွန် ၂၃

ရွှေ့ပြောင်းအလုပ်သမားများအနက် ရေနစ်သေဆုံးသူ ၂၀နှင့် အသက်မသေကျန်ရစ်သူ သုံးဦးတို့ကို ဘဟားမားကမ်းလွန် တစ်နေရာတွင် တွေ့ရှိခဲ့ကြောင်း အမေရိကန် ကမ်းခြေစောင့်တပ်ဖွဲ့က တနင်္လာနေ့တွင် ပြောကြားသည်။

အသက်မသေဘဲကျန်ရစ်သူ ဟွန်ဒူရပ်စ်နိုင်ငံသားတစ်ဦးနှင့် ဟေတီနိုင်ငံသားနှစ်ဦးတို့အား ဘဟားမားကျွန်း၏ မြို့တော် နက်ဆူး၏ အနောက်မြောက်၁၅မိုင်ကွာ ကမ်းလွန်ဒေသတွင် ညအမှောင်အတွင်း အကူအညီပေးရန် အော်ဟစ်နေကြစဉ် ကယ်ဆယ်ရေးသင်္ဘောသားများက တွေ့ရှိ၍ ကယ်ဆယ်ခဲ့ရခြင်းဖြစ်သည်။

ငါးဖမ်းသင်္ဘောအုပ်စုမှ သင်္ဘောသား တစ်ဦးက ရေပြင်တစ်ဝိုက်မှ အော်ဟစ်သံများကြားပြီး ဘဟားမားအာဏာပိုင်များထံ အကြောင်းကြားခဲ့ရာမှ ရေကြောင်း၊ လေကြောင်းမှ ကယ်ဆယ်ခဲ့ခြင်းဖြစ်သည်ဟု ကမ်းခြေစောင့်တပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ကုလသမဂ္ဂ ဒုက္ခသည်များ ကယ်ဆယ်ရေးအဖွဲ့မှ ထောက်ပံ့သော စားနပ်ရိက္ခာများကို ပါလက်စတိုင်း ဒုက္ခသည်များ သယ်ယူနေကြသည်ကို ဇွန် ၂၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဖျာပုံမြို့ ကတ္တရာလမ်းသစ်ဖွင့်ပွဲများ တက်ရောက်

ရန်ကုန် မေ ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် မေ ၂၁ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ပြီးစီးသော ဖျာပုံမြို့ အမှတ်(၅)လမ်းနှင့် မာလာမြိုင်လမ်း ကတ္တရာလမ်းသစ်များ ဖွင့်ပွဲအခမ်းအနားများသို့ တက်ရောက်သည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ဖျာပုံမြို့ မာလာမြိုင်လမ်း ကတ္တရာလမ်းသစ်ကို ဖြတ်သန်း ကြည့်ရှုစဉ်။ (သတင်းစဉ်)

အမှတ်(၅) လမ်းမှာ အရှည်ပေ ၄၁၄၀၊ အကျယ်၁၂ပေရှိပြီး ဖျာပုံမြို့၏ အဓိကလမ်းမကြီးများဖြစ်သည့် ပထမလမ်းနှင့် ဒုတိယလမ်းမကြီးများနှင့်အပြိုင် ဖောက်လုပ်ထားသည်။

ဆက်သွယ်

မာလာမြိုင်လမ်းမှာ အရှည်ပေ ၂၀၂၀၊အကျယ် ၁၂ပေရှိပြီး မြို့၏ အဓိကလမ်းများကို ဆက်သွယ်သည့် လမ်းတစ်လမ်းဖြစ်သည်။

တွေ့ဆုံ

ထို့နောက် ဗဟို အလုပ်အမှုဆောင် ဝန်ကြီးသည် ဖျာပုံမြို့ သီရိအဏ္ဏဝါ ခန်းမနှင့် ဒေးဒရဲမြို့အခြေခံပညာ အထက်တန်းကျောင်းခန်းမတို့၌ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြုပွဲ ကျင်းပ

ရန်ကုန် မေ ၂၄

ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ နတ်မောက်ကျောင်းပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၌ (၁၅)ကြိမ်မြောက် ရဟန်းခံ၊ ရှင်ပြုပွဲကို မေ ၁၁ ရက်တွင် အဆိုပါစာသင်တိုက်ရှိ ယုဇနဗိမာန်တော်၌ ကျင်းပရာ အလှူရှင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ ဆရာကြီး အရဟံ ဆရာအောင်၊ ဇနီး ဒေါ်နှင်းရည်ကျော် မိသားစုတို့က ဆရာတော်၊ သံဃာတော်များအား သိမ်ဆင်းနှင့် ဆွမ်းများ လောင်းလှူကြသည်။

အလှူရှင်မိသားစုတို့က ဆရာတော်၊ သံဃာတော်များအား ငွေကျပ် ၂၈သိန်း တန်ဖိုးရှိ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(သတင်းစဉ်)

ဇေယျဝတီဆရာတော် တရားဟောကြားမည်

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၅) မေခလမ်း သစ်ဆိမ့်ကုန်းရှိ မိုးကုတ်ဝိပဿနာရိပ်သာ နိဗ္ဗာန်ရွှေဂူတောရ ဓမ္မရိပ်သာ ပဓာနနာယက အဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယ နာယကဇေယျဝတီဆရာတော် ဘဒ္ဒန္တသောဘန (ဓမ္မာစရိယ B.A)သည် ကဆုန်လပြည့်ကျော် ၃ရက်မှ ၁၂ရက် (မေ ၂၂ရက်မှ ၃၁ ရက်)အထိ ကော့သောင်းမြို့ နှစ်မိုင် ဦးမောင်လှချောင်ရှိ မြတ်ဗုဒ္ဓဒေသနာ ဝိမလကာရီ ဓမ္မရိပ်သာကြီးတွင် ကျင်းပမည့် (၁၀)ရက် အထူးတရားစခန်းပွဲကြီးတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့်သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်သည်။ ဆရာတော်၏ ကျောင်းတိုက်အတွင်း သုံးထပ်ဓမ္မာရုံတော်ကြီး တည်ဆောက်မည်ဖြစ်ပါ၍ လှူဒါန်းလိုပါက ဖုန်း-၀၉-၅၁-၃၇၀၈၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တက္ကသိုလ် ဗိုလ်တထောင်နယ်မြေ ကျောင်းသားဟောင်းများနှင့် တက္ကသိုလ်မိသားစုများက ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ကိုးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ဖျာပုံခရိုင် ဖျာပုံမြို့နယ် အောင်သာယာကျေးရွာ၌ လောကဥသျှောင်သက်ကယ်အောင် စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူခြင်းကို မေ ၂၀ရက်က ကျင်းပရာ နာယက ဆရာတော် ဘဒ္ဒန္တသုန္ဒရ၏ ဦးဆောင်မှုဖြင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်ဇနီး၊ ခရိုင်အတွင်းရေးမှူး ဦးဖုန်းမြင့်၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး (ငြိမ်း) ရဲသူရသန်းလှိုင်နှင့် ဇနီး၊ ခရိုင် မီးသတ်ဦးစီးဌာနမှူး ဦးသန်းနိုင်၊ ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သန်းနှင့် အလှူရှင်များ ရွှေထီးတော် တင်လှူပူဇော်ကြစဉ်။ (၅၄၀)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း ကျောင်းဆောင်နှင့် အခြားသော သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအား အမှူးထားကာ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ရွှေဂုဏ်သူတာဝါနေ ဦးခင်မောင်ဝင်း- ဒေါ်စန်းစန်းမြင့်၊ သမီး ဆုရည်ဝင်း၊ သား မောင်မြင့်မြတ် မိသားစုက အလှူငွေကျပ် သုံးသိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ဒေါက်တာအရှင်ဉာဏဂ္ဂ (ပညာမြေကျောင်း)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လက်ပံတန်းမြို့ ဒေါက်တာဝင်းထိန်-ဒေါ်သန်းသန်းလွင် မိသားစုက ဓမ္မစေတီရုပ်ပွားတော်မြတ်ကြီး (ဥဏ်တော်ပေ ၁၅၀) တည်ထားကိုးကွယ်ရန်အတွက် အလှူငွေကျပ် ၁၀သိန်းနှင့် ဝတ္ထုပစ္စည်းများကို ဓမ္မစေတီဖောင်ဒေးရှင်း ဦးဆောင်ဆရာတော် မင်းကွန်းဓမ္မစေတီ ဘဒ္ဒန္တနာဂိန္ဒာလင်္ကာရအား ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကြေးမုံ ထူးထူးခြားခြား ကမ္ဘာ့မှတ်တမ်းများ

ကမ္ဘာမြေ၏ အနိမ့်ဆုံးအပူချိန်

ကမ္ဘာပေါ်တွင် အအေးဆုံးနေရာဒေသကို ပြပါဟုဆိုလျှင် အန္တာတိကဒေသကိုသာ ပြကြမည်ဖြစ်သည်။ နေမမြင်ဒေသဟုဆိုသည်နှင့် အညီ ကြည့်လေလေရာတွင် ရေခဲပြင်၊ ရေခဲတောင်များကိုသာ ရှုမောမဆုံး တွေ့နေရသည်။ အန္တာတိကဒေသရှိ ဗော့စ်တော့သုတေသနဌာန **(အောက်ပုံ)** တွင် ၁၉၈၃ခုနှစ် ဇူလိုင် ၂၁ ရက်က တိုင်းတာရရှိသည့် အပူချိန်သည် မှတ်တမ်းတင်ထားသမျှ အပူချိန်များအနက် အနိမ့်ဆုံးအပူချိန်အဖြစ် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။ထိုနေ့က တိုင်းတာရရှိသည့် အပူချိန်သည် -၈၉ ဒသမ ၂ဒီဂရီ စင်တီဂရိတ် (-၁၂၈ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်)ဖြစ်သည်။ အဆိုပါ သုတေသနဌာနကို ၁၉၅၇ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့ရာ ထိုစဉ်က ဆိုဗီယက်ရုရှားက တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ ရုရှား၊ ပြင်သစ်နှင့် အမေရိကန်သိပ္ပံပညာရှင်များ စုပေါင်းလေ့လာလျက်ရှိသည်။

ကမ္ဘာ့အအေးဆုံးဒေသ

ကမ္ဘာ့မိုးလေဝသမှတ်တမ်းများအရ ကမ္ဘာပေါ်တွင် အအေးဆုံးစံချိန်တင်သည့်ဒေသမှာ ရုရှားနိုင်ငံမှလူဦးရေ ၄၀၀၀ခန့်သာရှိသည့် Oymyakon ဒေသရှိ ဆီကာရီယံကျေးရွာဖြစ်သည်။ **(အပေါ်ပုံ)** အဆိုပါ ကျေးရွာတွင် ၁၉၃၃ ခုနှစ်က အနိမ့်ဆုံး အပူချိန်အဖြစ် -၆၈ဒီဂရီစင်တီဂရိတ်(-၉၀ဒီဂရီဖာရင်ဟိုက်) မှတ်တမ်းတင်နိုင်ခဲ့ရာ အန္တာတိကဒေသမှအပ ကမ္ဘာ့အအေးဆုံးဒေသအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

အရှည်ဆုံး ရေခဲမြစ်

ဩစတြေးလျအန္တာတစ်ဒေသ၌ ၁၉၅၆-၅၇ ခုနှစ်က ဩစတြေးလျလေယာဉ်အဖွဲ့သားများ ရှာဖွေတွေ့ရှိခဲ့သည့် လမ်းဘတ်ရေခဲမြစ်သည် ကမ္ဘာပေါ်၌ အရှည်ဆုံးရေခဲမြစ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လမ်းဘတ်ရေခဲမြစ်သည် ၆၄ကီလိုမီတာ (မိုင်၄၀) ကျယ်ဝန်းပြီး အနည်းဆုံး ကီလိုမီတာ ၇၀၀ (မိုင်၄၄၀)ရှည်လျားရာ အမေရိကန်နိုင်ငံမှ ဖလော်ရီဒါပြည်နယ်ထက် ပိုမိုရှည်လျားသည်ဟု ဆိုသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နည်းပညာတက္ကသိုလ်များ၏အင်ဂျင်နီယာဘွဲ့/ဗိသုကာဘွဲ့နှင့် အင်ဂျင်နီယာနည်းပညာဘွဲ့အတွက် စတုတ္ထအကြိမ်မြောက်ဘွဲ့နှင်းသဘင်ကြေညာချက်

နည်းပညာတက္ကသိုလ်များ၏ စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ဘွဲ့နှင်းသဘင်ခန်းမများ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း - ၁၄-၆-၂၀၀၈(စနေနေ့) နံနက် ၉း၀၀နာရီ
ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၁၅-၆-၂၀၀၈(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ

စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အောက်ဖော်ပြပါကာလများတွင် ဘွဲ့ရစာမေးပွဲအောင်မြင်သူများ တက်ရောက်ဘွဲ့ယူနိုင်သည်။

၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.E နှင့် B.Arch ဘွဲ့ရစာမေးပွဲ အောင်မြင်သူများနှင့် ၂၀၀၇ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သော B.Tech ဘွဲ့ရ စာမေးပွဲအောင်မြင်သူများ။

ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တက်ရောက်ဘွဲ့ - B.E နှင့် B.Arch ဘွဲ့အတွက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
B.Techဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာနှင့်အတူပေးသွင်းရန်။

(ခ) အဝေးရောက်ဘွဲ့ - B.E နှင့် B.Arch ဘွဲ့အတွက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
B.Techဘွဲ့အတွက် ၅၀၀ိ/-(ကျပ်ငါးရာတိတိ)
လျှောက်လွှာနှင့်အတူပေးသွင်းရန်။

ဘွဲ့အပ်နှင်းရေးအတွက် မြန်မာဝတ်စုံ (သို့မဟုတ်) အနောက်တိုင်းဝတ်စုံပြည့်ဖြင့် ဝတ်ဆင်ရိုက်ကူးထားသော(၁½"x၂")အရွယ် ရောင်စုံ (သို့မဟုတ်) အဖြူ/ အမည်း ဓာတ်ပုံ(၅)ပုံအား လျှောက်လွှာနှင့်အတူ တင်ရန်နှင့် ဓာတ်ပုံ၏ အောက်တွင် မှတ်ပုံတင်နံပါတ် ထည့်သွင်းရိုက်ကူးခြင်းမပြုရန်။

ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို မိမိတို့ စာမေးပွဲအောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၉-၅-၂၀၀၈ ရက်နေ့(သောကြာနေ့) နောက်ဆုံးထားပြီး လျှောက်ထားရမည်။

ဘွဲ့နှင်းသဘင်တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာ တင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

မှတ်ချက်။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်များရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ **ဗိုလ်မှူးခင်မောင်ဝင်း** (ငြိမ်း) - ချစ်မေမေ **ဒေါ်ခင်ဆွေ**(အထပြ-ငြိမ်း)တို့၏ ၂၅-၄-၂၀၀၈ ရက်တွင် ကျရောက်သော (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာရက်မြတ်မှသည် ဘဝသက်ဆုံးတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ ချစ်သမီးများနှင့်အတူ လောကီ၊ လောကုတ္တရာ နှစ်ဖြာကောင်းကျိုး သယ်ပိုးသွားနိုင်ကြပါစေ။

ချစ်သမီးကြီး - မအေးအေးဟန်
B.Com.D.A(UK), ACCA(Level II)
ချစ်သမီးလတ် - မခင်ချိုရီ(ငယ်ငယ်) B.Pharm
ချစ်သမီးငယ် - မခိုင်ခင်ရီ(ချစ်စု) B.Tech(1st Year)

Business , Information Technology and IELTS English
B.IT.E သင်တန်း အမှတ်စဉ် ၄/၂၀၀၈

* တက္ကသိုလ်ဝင်တန်းဖြေဆိုပြီးသူများမှဘွဲ့ရပြီးသူများအထိသင်ယူနိုင်သည်။
* သင်တန်းကာလပြီးဆုံးလျှင် ပြည်တွင်းပြည်ပလုပ်ငန်းခွင်များတွင် တာဝန်ထမ်းဆောင်ခွင့်ရသည့်အပြင် နိုင်ငံရပ်ခြားတက္ကသိုလ် ဝင်ခွင့်ရရှိမည့် B.IT.E ဒီပလိုမာလက်မှတ်ကို နိုင်ငံရပ်ခြားတက္ကသိုလ်မှ တိုက်ရိုက်ချီးမြှင့်မည်။

NLEC အမှတ်-စ၂(တ-ထပ်)၊အနော်ရထာလမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း - 250225, 250150, 095116424

လက်ထပ်မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ
ဦးသိန်းမြင့်-ဒေါ်သိန်းမြ တို့၏သားကြီး
မောင်သန်းဇော်ဦး B.A (Geog;)
Project Supervisor, UE Group of Co., Ltd.
နှင့်
ရန်ကုန်မြို့၊ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ
ဦးခင်မောင်လတ်-ဒေါ်အေးအေးမြင့် တို့၏သမီး
မလတ်ဝင်းမာ
B.E (Electronic) B.C. Tech, (UCSY)

တို့သည် နှစ်ဖက်သောလူကြီးမိဘစုံရာနှင့် ဒုတိုင်းဥပဒေအရာရှိ ဦးမြတ်ခိုင်၏ ရှေ့မှောက်၌ ၉-၄-၂၀၀၈ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။ ၁၁-၄-၂၀၀၈ ရက်တွင် သဒ္ဒမ္မရံသီရိပ်သာ၌ ကျင်းပခဲ့သော မင်္ဂလာဦးဆွမ်းကျွေးနှင့် မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော ဦးကျော်လွင်နှင့်ဇနီး UE Group of Co.,Ltd. နှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ M.D များ၊ အရာရှိကြီးများနှင့် ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သန်းဇော်ဦး-မလတ်ဝင်းမာ

ငွေရတုမင်္ဂလာဆုတောင်း

ဖေဖေ **ဦးကျော်ဦး** နှင့် မေမေ **ဒေါ်ခင်မေဝင်း** (စိန်ကျော်လက်ဖက်နှင့် စိန်ကျော် INN၊ပြင်ဦးလွင်)တို့ရဲ့ (၂၅) နှစ်မြောက် ငွေရတုမင်္ဂလာမှစ၍ နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနဲ့အတူ ပျော်ရွှင်အေးချမ်းစွာ နေထိုင်သွားနိုင်ပါစေလို့ ဆုတောင်းပါတယ်။

ချစ်သား - ကိုစန်းယုထက် - မဖူးဖူးငုံ(မန္တလေး)
ချစ်သား - ကိုနေဇော်ဦး(Final Part I မန္တလေး)
မောင်သီရိထက်(GRADE XI)
ချစ်သမီး - မထက်ထက်ကျော်(GRADE IX)
မသီရိကျော်(GRADE VIII)
ချစ်မြေး - မဖြူစင်စန်း

မီးစက်အမြန်ရောင်းမည်

လက်ရှိအသုံးပြုနေသောပြင်သစ်လုပ်(500) KVA (ALTERNATEOR-LEROY SOMER) မီးစက်ကို သက်သာသော ဈေးနှုန်းဖြင့် အမြန်ရောင်းမည်။

ဆက်သွယ်ရန်
ဖုန်းနံပါတ် - ၀၉၅၀၁၃၂၈၆

HONEY MOON

Saloon,Van,Pick-up
ကားမျိုးစုံလချုပ်ငှားရန်ရှိသည်၊
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ၊
Ph : 376072, 095142452
095198090

အမည်ဖြည့်စွက်ခြင်း

အဖဦးလှထွန်း၏ သမီး အထက(၅) ဗိုလ်တထောင် တတိယတန်းမှ မသဥ္ဇာကျော်အား ယနေ့မှစ၍ မထွန်းသဥ္ဇာကျော်ဟု ဖြည့်စွက်ခေါ်ပါရန်။ **မထွန်းသဥ္ဇာကျော်**

ဝန်ထမ်းအလိုရှိသည်(ပြည်တွင်းခွဲသာ)

ရန်ကုန် စီးပွားရေးလမ်းညွှန်နှင့် **မန္တလေး** စီးပွားရေးလမ်းညွှန်တို့တွင် ဈေးကွက်တင်ခြင်းနှင့် ကြော်ငြာလုပ်ငန်းအတွက်

၁။	Marketing	မ(၁၈-၂၅)နှစ်အတွင်း	၁၈ ဦး
၂။	Computer Graphic	မ(၁၈-၂၅)နှစ်အတွင်း	၂ ဦး
၃။	Data Collector	ကျား(၁၈-၂၀)နှစ်အတွင်း	၆ ဦး
၄။	ရုံးအကူ	ကျား(၁၈-၂၂)နှစ်အတွင်း	၂ ဦး

(၁၊၂၊ ၃၊ ၄)အတွက် လျှောက်ထားသူသည် အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်၊ (၂)အတွက် စာစီစာရိုက်ကျွမ်းကျင်ရမည်။ လျှောက်ထားသူများအားလုံးသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းထောက်ခံချက်၊ မကြာမီက ရိုက်ကူးထားသောဓာတ်ပုံနှစ်ပုံ၊ မှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာမူရင်း၊ အိမ်ထောင်စုဇယား မိတ္တူအပြည့်အစုံနှင့်အတူ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်သည်။

အမှတ်-၁၄၅(မြေညီ)၊ ၃၆လမ်း (အလယ်)
ကျောက်တံတားမြို့နယ်၊ရန်ကုန်

မင်္ဂလာဗျူဟာအသင်းချုပ် သွေးလှူဒါန်းမည်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာဗျူဟာအသင်းချုပ်တွင် (၉၄) ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ဧပြီ ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စတင်ကျင်းပမည်ဖြစ်၍ သွေးလှူဒါန်းလိုသူများသည် ဧပြီ ၂၆ ရက် (စနေနေ့) နံနက် ၇ နာရီမှစ၍ အသင်းချုပ်တွင် ကိုယ်တိုင် အသိအမှတ်ပြု ကတ်ပြားပေး၍ စာရင်းပေးသွင်းနိုင်သည်။ သွေးလှူရှင်များ အတွက် အာဟာရကုသိုလ်၊ ပဒေသာမဲ (အမှတ်တရပစ္စည်း) ပေးရန်အတွက် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုသူများသည် အသင်းချုပ် ဖုန်း-၃၇၀၉၅၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

" မိုးယံမှ အထူးကျေးဇူးတင်ရှိခြင်း "

မိုးယံ ရွှေလေမင်း ၈ ဖြတ်ဆုကုဒေ ထီဆိုင်မှ (၉)ကြိမ်မြောက် ဂုဏ်ပြုဆု ချီးမြှင့်ပွဲ အခမ်းအနားကို (၂၄. ၄. ၀၈) THU: နေ့၊ ညနေ (၆း၀၀)နာရီအချိန်၌ Sedona Hotal (Ball room) ခန်းမတွင် တက်ရောက်အားပေးကြသော စာနယ်ဇင်းများ၊အနုပညာရှင်များ၊(T&M) မှမတင်မိုးလွင်အဖွဲ့အား လည်းကောင်း၊ မိုးယံအရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် ရှပ်ရှင်နှင့်မော်ဒယ် သရုပ်ဆောင် မိုးဟေကို၊ ဆုပန်ထွာ၊ ရတနာပိုင်၊ မိုးယုစံ၊ ဖြတ်နိုးငြိမ်၊ ဖြတ်နိုးချယ်ရီ၊ နီဗယ်ကျော်ကျော်၊ ပင်ကီကို၊ လုစန္ဒာဝင်း တို့အားလည်းကောင်း၊ လှုပမြူးကြွစွာ ကူညီတင်ဆက်ပေးသော ယူရေနီယမ်အကအဖွဲ့အားလည်းကောင်း ၊ မိတ်ကပ်ခင်စန်းဝင်း၊ ဓာတ်ပုံ အောင်ကျော်မိုး၊ မီးငယ်ဒစ္စကိုလိုက်အားလည်းကောင်း၊ Designer မတင်စုထွေး၊ စတိတ်စင်ဖန်တီးပြုလုပ်ပေးသော ဦးစိုးအောင်၊ ရေခဲငွေ့ စီစဉ်ပေးသူ Myanmar Carbonix လီမိတက်အားလည်းကောင်း၊ မိုးပျံပူဖောင်းစီစဉ်ပေးသူ ဦးထွန်းရွှေ ၊ မှတ်တမ်းတင်ဗွီဒီယိုရိုက်ကူးပေးသော ဦးမြင့်စိုး(ဝ/သ)၊ Sedona Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း အထူးပင် ကျေးဇူးတင်ရှိပါသည်။

Tu Tu - Su Su

ဦးအောင်ကျော်
(Ex-English Master / Editor)
အလုပ်/ဝင်ခွင့်များအားလုံး ဗဟိုဘာသာ/သမဝါယမ
ENGLISH SPEAKING / GRAMMAR / PHONETICS
Basic, Inter, Advancedများ စတော့မည်။
၁၀၆၊ စဥ်အိုးတန်းလမ်း(ထက်)၊ လသာ၊ ☎ 250727

B E C International

➢ KG မှ GCE အထိ
ပုံမှန်သင်တန်းများကို ၅-၅-၀၈ မှ စတင်လက်ခံနေပါပြီ၊
No.62,ယောပင်းကြီးလမ်း၊ဒဂုံမြို့နယ်၊ရန်ကုန်မြို့။ ☎: 241939,09-5000698

ORION Business School

ဝါရင့်ဆရာကြီးများသင်သည့်
MBA / MPA / MDevS
ဝင်ခွင့်သင်တန်းများ (စပြီ)
M Y O B Dip in Computerised Accounting
၂၆၇/ ၁-က၊ ပြည်လမ်း၊ မြေနီကုန်း၊0999-22427, 095115997

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၅) ရပ်ကွက်၊(၂၇) လမ်း၊ အိမ်အမှတ်-၂၁၄၊ အခန်းအမှတ်(၂) (မြေညီထပ်)နှင့် ပတ်သက်၍ အသိပေးကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခန်းနှင့်တကွ အကျိုးခံစားခွင့်များကို လက်ရှိထား၍ ရောင်းချရန်ကမ်းလှမ်းလာသူ ဒေါ်မြင့်မြင့်ရီ (ဘ-ဦးစိုးမြင့်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်-[၁၂/ပဘတ(နိုင်)၀၀၄၃၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
(ဦးအောင်သင်း)
တရားရုံးချုပ်ရှေ့နေ
အမှတ်-၉/၁၁၊ အခန်းအမှတ်-၃၀၂/ဘီ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အလုပ်မှ ထုတ်ပယ်ခြင်း

Zin 9 ကုမ္ပဏီတွင် စာရင်းကိုင်တာဝန်ထမ်းဆောင်နေသော ဝင်းဝင်းချိုသည် ငွေစာရင်းများကို မမှန်မကန်ရေးသွင်းဖော်ပြခဲ့ခြင်း၊ မသမာသည့်နည်းလမ်းဖြင့် စာရင်းများလိမ်လည်ဖော်ပြခဲ့ခြင်းကို အထူးစာရင်းစစ်အဖွဲ့မှ စစ်ဆေးတွေ့ရှိရသည်။ ထို့အတူ ကုမ္ပဏီ၏ပျက်စီးရာပျက်စီးကြောင်းကို ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်နေသည်ကိုလည်း တွေ့ရှိရသည်။ ထို့ကြောင့် ၂၃-၄-၂၀၀၈ ရက်မှစ၍ ကုမ္ပဏီမှ ထုတ်ပယ်လိုက်သည်။

ဒေါ်အေးမိ
ဥက္ကဋ္ဌ
ဒါရိုက်တာအဖွဲ့ (Zin 9 ကုမ္ပဏီ)

ထွက်ပြီ
မသိသူကျော်သွား သိသူဖော်စား
ပန်းတိုင်
တက္ကသိုလ်ဝင်တန်း
သိပ္ပံ၊ ဝိပ္ပံ၊ ဝိဇ္ဇာ ဘာသာစုံ
သင်ရိုးသစ်ပို့ချချက်များ
ပညာရေးမဂ္ဂဇင်း
အမှတ် (၅) ၂၀၀၈ ခုနှစ်၊ မေလ
အမှတ်-၂၅၂ (မြေညီ)၊ ၃၉ လမ်း(အထက်)၊ ရန်ကုန်မြို့။
ဖုန်း-၂၄၉၆၀၇၊ ၂၄၅၆၂၁၊ ၂၄၅၆၁၉၊ ၄၄၁၃၂၂၅

The LIVE NEWS ဂျာနယ် အမှတ် (၇၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၂၄

နိုင်ငံတကာသတင်းများနှင့် ပြည်တွင်းသတင်းများကို အမှန်ဆုံးနှင့် အမြန်ဆုံးဖော်ပြထုတ်ဝေလျက်ရှိသည့် The LIVE NEWS ဂျာနယ် အမှတ်(၇၉)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာ့မီးရထားဖြင့် ကွန်တိန်နာသယ်ယူသည့်လုပ်ငန်း တိုးမြှင့်ရန်စီစဉ်၊ ကျောက်တန်းမွေးမြူရေးဇုန်ကို ကဏန်းမွေးမြူရေးဇုန်အဖြစ်ပြောင်းလဲသတ်မှတ်၊ကျိုက္ခမီဒေသက ကမ္ဘာ့သတ်မှတ်ချက်အရ စီးပွားဖြစ် လျှပ်စစ်ထုတ်ယူနိုင်သော ဒီရေပမာဏအမြင့်ထက်ကျော်လွန်နေသည်ဟုဆို၊ မြန်မာသင်္ဘောသားများ၏ ကျန်းမာရေးပေါ်လစီထားရှိရေးအတွက် ထိုင်းကျန်းမာရေးအာမခံအကြံပေးအရာရှိများ စိတ်ဝင်စားလျက်ရှိ၊ ရုရှားနှင့် ဥရောပသမဂ္ဂအကြား မီးပွားတစ်ခုဖြစ်လာသည့် ဂျော်ဂျီယာ၊ ဒတ်ချ်ကာကွယ်ရေးဦးစီးချုပ်၏သားဖြစ်သူ အာဖဂန်နစ္စတန်၌ တိုက်ပွဲကျဆုံး၊ ရွေးကောက်ပွဲအလွန် လှုပ်ခတ်လာသော မလေးရှားနိုင်ငံရေး၊ ဆဒါမြို့ကို တံတိုင်းခတ်မည့်အမေရိကန်၊ စိုးရိမ်စရာ အာရှစားနပ်ရိက္ခာ၊ ကေသီပန်မဂ္ဂဇင်းမှ အဖြည့်ခံဝတ္ထု၊ ဂုဏ်ရည်မတူ(၂)၊ လမ်းပေါ်ကအတွေးများ(၁၂)၊ စိန်ခေါ်သောလူများ၊စစ်ကြိုကာလကျမှ ဖောက်လုပ်ခဲ့ရတဲ့(ရွှေခုံတိုင်)ရွှေဂုံတိုင်လမ်း၊ တက္ကစီမင်းနှင့် ကူမ္ဘဏီမင်း၊ ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း(၅၉/၆၀)၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများစသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ဆင်ဖြူကျွန်းအောင်သိန်း၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ဦးကို၊ ကိုကိုလှိုင်၊ မောင်မြတ်မွန် (ဆူးလေ)၊ အာရှမိုး၊ မောင်နေလင်း၊ ဆြာစန်းနှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The LIVE NEWS ဂျာနယ်နှင့်လစဉ်ထုတ် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် (၃၁၀)၊ ဝါးတန်းလမ်း၊ မြေညီထပ်၊ အခန်း (၀၀၄)၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့နေ ဦးသိန်းဝင်း [၁၂/သဃက(နိုင်)၀၈၃၆၆၅] ဒေါ်ယဉ်ကျွေ [၁၂/သဃက(နိုင်)၀၈၃၆၆၄]တို့၏ သားဖြစ်သူ မောင်သူရဝင်း [၁၂/သဃက(နိုင်)၁၅၃၉၂၄]သည် မိမိသဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်း၏ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် သားအဖြစ်မှစွန့်လွှတ်ကြောင်းကြေညာအပ်ပါသည်။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ**

ဦးသိန်းဝင်း-ဒေါ်ယဉ်ကျွေ

ဂျီတီအိုင်ကျောင်းသားဟောင်းများ ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ဂျီတီအိုင် ကျောင်းများမှ ကျောင်းသားဟောင်း များ စုပေါင်း၍ ပဉ္စမအကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဧပြီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီမှစ၍ ရန်ကုန်မြို့ တောင်ဥက္ကလာ ဂေါက်ကွင်းတွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသူများသည် ဦးကြည်လင်း ဖုန်း-၀၉၅၀၀၆၃၆၅၊ ဦးခင်ဇ (ရုံးအဖွဲ့မှူး) ဖုန်း-၅၁၉၈၆၃၊ တောင်ဥက္ကလာ ဂေါက်ကလပ် ဖုန်း-၅၇၀၉၄၀တို့သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း နှင့် အလှူငွေများကိုလည်း ထည့်ဝင်နိုင်ကြောင်းသိရသည်။ (က-ပ)

မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

- မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း . . .
- လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း . . .
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း . . .
- နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း . . .
- နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း . . .

ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ထောက်ခံမဲဖြင့် သက်သေပြ

ပြည်တွင်းသစ္စာဖောက် ဘယ်လိုနောက်
ဒို့ပြည်သူတွေ ဘယ်မကြောက်။
ထောက်ခံမဲသာ ပေးကြမည်
မြန်မာ့အကျိုး မျှော်ရည်...။
မြန်မာပြည်သားမှန်သမျှ
ထောက်ခံမဲဖြင့် သက်သေပြ။ ။

သီဟမောင်

- မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

- **ဒို့အနာဂတ် ဒို့ပန်တိုင်ဖို့ အခြေခံဥပဒေ အတည်ပြုစို့။**

ဆောင်းပါးအညွှန်း

The Mirror ကြေးမုံ

ဆောင်းပါးရှင်
ကျော်မင်းအေး၏
"ကလောင်တံမြှင့်၍ အောင်လံလွှင့်အံ့"
စာမျက်နှာ-၄

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်၏
"ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့်ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေးစနစ်(၈)"
စာမျက်နှာ-၆/၇

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၁၅)နှစ်အောက် ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၄

၂၀၀၈ ခုနှစ် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် (၁၅) နှစ်အောက် ဘောလုံးပြိုင်ပွဲကို မေ ၁၀ ရက် ညနေ ၃ နာရီခွဲတွင် မြိတ်မြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ ဘုတ်ပြင်းမြို့နယ်အသင်းနှင့် ကျွန်းစုမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ကျွန်းစုမြို့နယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ကျွန်းစုမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလား၊ တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးကလည်းကောင်း **(ဓါတ်ပုံ)**၊ ဒုတိယဆုရ ဘုတ်ပြင်းမြို့နယ်အသင်းနှင့် အကောင်းဆုံး အားကစားသမားဆုရ ရှေ့တန်း၊ အလယ်တန်း၊ နောက်တန်း၊ ဂိုးနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရ အားကစား သမားများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကို တာဝန်ရှိသူ များကလည်းကောင်း ဆုချီးမြှင့်ကြသည်။

(သတင်းစဉ်)

အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။